စိတ်ကူးချိုချိုအနုပညာ

# သို့ဝါဒနှင့် ဒို့ဗမာ

သခင်ကိုယ်တော်မှိုင်း၊ သခင်အောင်ဆန်း၊ သခင်နု၊
သခင်စိုး၊ သခင်သန်းထွန်း၊ သခင်လေးမောင်၊ ဦးဗဆွေ၊
ဦးသန့်၊ သခင်ဗဟိန်း၊ သခင်လှပေ၊ သခင်ကျော်စိန်၊

သိန်းပေမြင့် စီစဉ်သည်။



စတုတ္ထအကြိမ်

mgyoe.com

ဤစာအုပ်ပါ ဆောင်းပါးတို့သည် မာ့က်စ်ဝါဒစစ်စစ် မှန်မှန်ချည်း ဖြစ်သည်ဟုလည်း မဆိုဝံ့ချေ။ မာ့က်စ်ဝါဒ (ဝါ) ဘုံဝါဒသည် နေ့ချင်းညချင်း ရင့်ကျက်စွာ ပေါ်လာနိုင်သည် မဟုတ်။ "မြေစမ်း ခရမ်းပျိုး" သဘောဖြင့် ဝင်ရောက်လာခြင်းသာ ဖြစ်ပေသည်။ ပေါက်ခါစ ဖွားခါစ ဖြစ်သည့်အတိုင်း ချို့ယွင်းချက် အားနည်းချက်များလည်း ပါပေလိမ့်မည်။ သို့ရာတွင် စာဖတ်သူသည် ထိုချို့ယွင်းချက် အားနည်းချက်များကို နှလုံးသွင်းကာ ဝေဖန်ဖတ်ရှုပါလျှင် ဗမာနိုင်ငံရေးသမိုင်းကို လေ့လာနိုင်၍ ဗဟုသုတ တိုးပွားရုံမက ချို့ယွင်းချက်များကို ဖယ်၊ အားနည်းချက်များကို အားရှိအောင်လုပ်၍ ရင့်ကျက်ပြည့်စုံမှုကို ရယူနိုင်ခွင့် ရှိပါလိမ့်မည်။ ထိုစဉ်က မာ့က်စ်ဝါဒမျိုးစေ့ ချခဲ့ကြပြီး ယနေ့ ဗမာ့ခေါင်းဆောင်များ ဖြစ်နေသူတို့၏အတိတ်ခရီးကို ကောင်းစွာမြင်ကာ ပစ္စုပ္ပန်မှားမှန်တို့ကို ဝေဖန်ပေးနိုင်ကြပြီးလျှင် မှန်ကန်သော ခေါင်းဆောင်မှုအဖြစ်သို့ ပို့ပေးနိုင်ကြလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

သိန်းဖေမြင့်

၁၅-၁၂-၁၉၅၃။

ISBN9789997115386
TPM20
9 789997 115386
2,000.00KS

mgyoe.com

ဘုံဝါဒနှင့် တို့ဗမာ၊ သိန်းဖေမြင့်-စီစဉ်သည်
စာမျက်နှာ ၁၆၂+ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၇၊ တော့စတော့စာပေထုတ် တတိယအကြိမ်မှ
(ပထမအကြိမ်-၁၉၅၄၊ ပြည်တော်စိုးစာအုပ်တိုက်)
(ဒုတိယအကြိမ်-၁၉၆၄၊ ဂျိုးဖြူစာအုပ်တိုက်)

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


- နိဒါန်း ဣ

၁။ သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော
ဗဟို တို့ဗမာ အစည်းအရုံးကြီး၏ တို့ဗမာဝါဒ ၁

၂။ ခေတ်ကာလ ပြုပြင်ပြောင်းလဲရေး
သခင်ကိုယ်တော်မှိုင်း ၈

၃။ သခင်ကိုယ်တော်မှိုင်းနှင့်
စစ်ကိုင်းသူတို့၏ မေတ္တာလက်ဆောင်
သခင်ကိုယ်တော်မှိုင်း ၁၄

၄။ ကမ္ဘာစစ်နှင့် ဗမာ
သခင်အောင်ဆန်း ၂၃

၅။ ကျွန်တော်ဘုံသမား
မောင်နု ၃၆


mgyoe.com

mgyoe.com

၆။ ဘယ်လို လွတ်လပ်ရေးမျိုးလဲ
**မောင်နု** ၅၇
၇။ ရေနံမြေ အရေးတော်ပုံ
**မောင်စိုး** ၆၄
၈။ အလုပ်သမားနှင့် လယ်သမားသာ
တိုင်းပြည်၏ အရှင်သခင်
**သခင်လေးမောင်** ၇၄
၉။ ဆိုရှယ်လစ်ဝါဒနှင့် ဗမာရာဇဝင်
**သန်းထွန်း** ၈၃
၁၀။ လောကနိဗ္ဗာန်တည်ဆောက်နေသူ စတာလင်
**မောင်ဗဆွေ** ၉၇
၁၁။ ကမ္ဘာကို ချောက်ချားတုန်လှုပ်စေခဲ့သော
နိုင်ငံရေးပါတီတစ်ခု
**မောင်ဗဟိန်း** ၁၀၆
၁၂။ လက်ဝဲဂိုဏ်းများ၏ ဝါဒ
**ဦးသန့်(ပန်းတနော်)** ၁၁၁
၁၃။ ငြိမ်းချမ်းရေးနှင့် ဗြိတိသျှခြေလှမ်း
**မောင်လှဖေ** ၁၁၅
၁၄။ တို့ဗမာ အစည်းအရုံးကြီးနှင့် ဆိုရှယ်လစ်ဝါဒ
**သခင်ကျော်စိန်** ၁၁၈

## အတ္ထုပ္ပတ္တိအကျဉ်းများ

၁။ သခင်ကိုယ်တော်မှိုင်း ၁၃၄
၂။ သခင်အောင်ဆန်း ၁၃၈

mgyoe.com

mgyoe.com


၃။ သခင်နု ၁၄၂

၄။ သခင်စိုး ၁၄၅

၅။ သခင်သန်းထွန်း ၁၄၇

၆။ သခင်လေးမောင် ၁၄၉

၇။ ဦးဗဆွေ ၁၅၁

၈။ ဦးသန့် (ပန်းတနော်) ၁၅၃

၉။ သခင်ဗဟိန်း ၁၅၄

၁၀။ သခင်လှဖေ (ဗိုလ်လကျ်ာ) ၁၅၆

၁၁။ သခင်ကျော်စိန် ၁၅၈

၁၂။ သိန်းဖေမြင့် ၁၆၁


❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# နိဒါန်း

ဤ "ဘုံဝါဒနှင့် တို့ဗမာ" စာအုပ်ဖြစ်ပေါ်လာပုံကား အောက်ပါအတိုင်း ဖြစ်၏။

ကျွန်တော်သည် မြဝတီမဂ္ဂဇင်း၌ "အရှေ့က နေဝန်း ထွက်သည့်ပမာ" ဝတ္ထုရှည်ကြီးကို အပတ်စဉ်ရေးရာ ၁၃ဝဝ ပြည့်နှစ် အရေးတော်ပုံနှင့် ပတ်သက်သော စာအုပ်စာတမ်း စာနယ်ဇင်းများကို ဖတ်ရှုလေ့လာရလေသည်။ ၎င်းထဲတွင် နဂါးနီစာစောင်များပါ၏။

၁၃ဝဝ ပြည့်နှစ် အရေးတော်ပုံ မတိုင်မီကလေးနှင့် အရေးတော်ပုံအတွင်း မာ့က်စ်ဝါဒသည် ဗမာ့လွတ်လပ်ရေး အုံ့ကြွဖွဲ့စည်းမှုအတွင်းသို့ ဩဇာပျံ့နှံ့လာလေသည်။ တို့ ဗမာအစည်းအရုံးကြီးသည်လျှင် လူမျိုးရေးဝါဒကိုသာမက ဘဲ ဘုံဝါဒ (ဝါ) မာ့က်စ်ဝါဒကို ခံယူစပြုလာလေသည်။ လူမျိုးရေးဝါဒသမားသက်သက်ဖြစ်သူတို့သည် တို့ဗမာ ခေါင်းဆောင်မှုနေရာမှ တဖြည်းဖြည်း ရွေ့လျောကျဆင်း လျက် မာ့က်စ်ဝါဒသမားတို့သည် တို့ဗမာခေါင်းဆောင်မှု နေရာသို့ တက်ရောက်လာကြလေသည်။

mgyoe.com

mgyoe.com



အထင်ရှားဆုံးမှာ မြင်းခြံတွင်ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး ညီလာခံတွင် ဥက္ကဋ္ဌဖြစ်လာသူ သခင်လေးမောင်၏ ဥက္ကဋ္ဌမိန့်ခွန်းဖြစ်လေသည်။ ၎င်းနောက် တို့ဗမာအစည်းအရုံး နိုင်ငံလုံးဆိုင်ရာ ကော်မတီက ၁၉၃၈ အကုန် ၃၉ အစတွင် ဘုံဝါဒကို တို့ဗမာ လက်သုံးတရားဝင်ဝါဒအဖြစ်ဖြင့် ကြေညာလေတော့သည်။ "ယင်းကြေညာချက်ကို စာအုပ်အစတွင် တွေ့နိုင်ပေသည်။"

သို့ကလို တို့ဗမာနိုင်ငံရေးလုပ်ငန်း၌ ဝင်ရောက်လာခြင်းသည် နဂါးနီစာစောင်များ၌ ထင်ဟပ်လာခဲ့လေ၏။ ထို့ကြောင့် ဘုံဝါဒသဘောနှင့်ပတ်သက်သော ဆောင်းပါးများ ဘုံဝါဒအရင်းခံ၍ ဗမာ့အရေး၊ ကမ္ဘာအရေးတို့ကို ဝေဖန်ပိုင်းခြားကြသော ဆောင်းပါးများ။ ကမ္ဘာ့ဘုံဝါဒ (ဝါ) မာ့က်စ်ဝါဒဆောင်းပါးများနှင့် ပါတီများအကြောင်း ဆောင်းပါးများတို့ကို ဖတ်ရှုရပေသည်။

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံကို သတ္တုချကြည့်လျှင် ရေနံမြေအလုပ်သမားသပိတ် ခေါင်းဆောင်သော ဗမာ့လွတ်လပ်ရေး အုံကြွလှုပ်ရှားမှု လက်တွေ့လုပ်ငန်းနှင့် မာ့က်စ်ဝါဒ သဘောတရားတို့ ဗမာ့သမိုင်းတွင် ပထမဆုံးအကြိမ် ပေါင်းစပ်သဟဇာတ်ဖြစ်ခြင်းပင်ဖြစ်ကြောင်း တွေ့ရပေသည်။

နဂါးနီစာစောင်များတွင် ဖော်ပြပါဆောင်းပါးများကိုဖတ်ရကတည်းက "ဘုံဝါဒနှင့်တို့ဗမာ" ဟူ၍ စာတစ်အုပ်အဖြစ်ဖြင့် ဆောင်းပါးအချို့ကို ရွေးချယ်ထုတ်ဝေအပ်သည်ဟု ကျွန်တော် ထင်မြင်နေခဲ့လေသည်။

mgyoe.com

mgyoe.com



ထိုအခိုက် 'ပြည်တော်စိုး' စာအုပ်တိုက်မှ ကျွန်တော့်ထံ ချဉ်းကပ်ကာ စာမူတောင်းလာပေ၏။ ကျွန်တော့်မှာ လက်တွေ့နိုင်ငံရေး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းများဖြင့်လည်းကောင်း၊ အပတ်စဉ် ဆောင်းပါးများ ရေးရခြင်းဖြင့်လည်းကောင်း ကြားမညှပ်နိုင်အောင် မအားမလပ်ဖြစ်နေရကား စာတစ်အုပ်ဖြစ်လောက်အောင် စာမူရေးပေးနိုင်ခွင့် မရှိချေ။ ထို့ကြောင့် "ဘုံဝါဒနှင့် တို့ဗမာ" စာအုပ်ကို ထုတ်ဝေရန်သာ တိုက်တွန်းရပေတော့၏။

ပုံနှိပ်ထုတ်ဝေသူတို့ကလည်း ကျွန်တော့် အကြံပေးချက်ကို ချက်ချင်းလက်ခံလေရာ နဂါးနီစာမူများကို အမွေခံထားသော မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း "စာပေဗိမာန်" သို့ ခွင့်ပြုရန် စာရေးတောင်းဆိုခဲ့ပေသည်။ ဘာသာပြန်စာပေအသင်းကလည်း ချက်ချင်းပင် ကျေနပ်စွာ ခွင့်ပြုသဖြင့် နဂါးနီစာစောင်မှ ဆောင်းပါးများကို ရွေးချယ်၍ ထုတ်ဝေသူများအား ပေးခဲ့လေသည်။

ဤ "ဘုံဝါဒနှင့် တို့ဗမာ" ပါ ဆောင်းပါးတို့သည် တို့ဗမာအစည်းအရုံးသို့ ဘုံဝါဒပျံ့နှံ့လာပုံကို ပြည့်စုံစွာ အကောင်းဆုံးထင်ဟပ်သည်ဟု မဆိုလိုပါ။ ထိုစဉ်က အခြားရေးသားချက်တို့လည်း ရှိပေလိမ့်မည်။ သို့ရာတွင် လွယ်လင့်တကူ ရှာဖွေမရသဖြင့် နဂါးနီစာစောင်မှ ရသမျှလောက်ကိုသာ အဓိကပင်ရင်းထား၍ ထည့်သွင်းရပေသည်။ ဥပမာ... အခြားသူများရေးသော စာများကို မဆိုနှင့်၊ ကျွန်တော့် ရေးသားချက်များပင်လျှင် လွယ်လင့်တကူ ရှာမရ၍ မထည့်နိုင်။ နဂါးနီမှထုတ်ဝေ၍ ဗြိတိသျှအစိုးရတို့က ပိတ်ပစ်ခဲ့သော

mgyoe.com

mgyoe.com



ကျွန်တော်၏ "ယနေ့လက်ငင်း တို့တာဝန်" ဆိုသော စာအုပ်ငယ်သည် မာ့က်စ်ဝါဒကို လေ့လာရန် အရေးကြီးပုံ၊ ဘယ်သို့ လေ့လာရမည် စသည်တို့ကို ရေးထား၏။ ထိုစာအုပ်ငယ်ကို ထည့်သွင်းပုံနှိပ်ရန် ရည်ရွယ်ခဲ့၏။ သို့သော် စာမူရှာမတွေ့သဖြင့် မထည့်သွင်းနိုင် ဖြစ်ရလေ၏။

ရင်းပြင် ဤစာအုပ်ပါ ဆောင်းပါးတို့သည် မာ့က်စ်ဝါဒစစ်စစ် မှန်မှန်ချည်း ဖြစ်သည်ဟုလည်း မဆိုဝံ့ချေ။ မာ့က်စ်ဝါဒ (ဝါ) ဘုံဝါဒသည် နေ့ချင်းညချင်း ရင့်ကျက်စွာ ပေါ်လာနိုင်သည် မဟုတ်။ "မြေစမ်း ခရမ်းပျိုး" သဘောဖြင့် ဝင်ရောက်လာခြင်းသာ ဖြစ်ပေသည်။ ပေါက်ခါစ ဖွားခါစ ဖြစ်သည့်အတိုင်း ချို့ယွင်းချက် အားနည်းချက်များလည်း ပါပေလိမ့်မည်။ သို့ရာတွင် စာဖတ်သူသည် ထိုချို့ယွင်းချက် အားနည်းချက်များကို နှလုံးသွင်းကာ ဝေဖန်ဖတ်ရှုပါလျှင် ဗမာနိုင်ငံရေးသမိုင်းကို လေ့လာနိုင်၍ ဗဟုသုတ တိုးပွားရုံမက ချို့ယွင်းချက်များကို ဖယ်၊ အားနည်းချက်များကို အားရှိအောင်လုပ်၍ ရင့်ကျက်ပြည့်စုံမှုကို ရယူနိုင်ခွင့် ရှိပါလိမ့်မည်။ ထိုစဉ်က မာ့က်စ်ဝါဒမျိုးစေ့ ချခဲ့ကြပြီး ယနေ့ ဗမာ့ခေါင်းဆောင်များ ဖြစ်နေသူတို့၏အတိတ်ခရီးကို ကောင်းစွာမြင်ကာ ပစ္စုပ္ပန်မှားမှန်တို့ကို ဝေဖန်ပေးနိုင်ကြပြီးလျှင် မှန်ကန်သော ခေါင်းဆောင်မှုအဖြစ်သို့ ပို့ပေးနိုင်ကြလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

**သိန်းဖေမြင့်**

**၁၅-၁၂-၁၉၅၃။**

❖

mgyoe.com

mgyoe.com

# သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော ဗဟို တို့ဗမာအစည်းအရုံးကြီး၏ တို့ဗမာ ဝါဒ

တို့ဗမာဝါဒဆိုသည်မှာ တို့ဗမာ အစည်းအရုံးကြီး၏ ရည်ရွယ်ချက်၊ ယုံကြည်ယူဆချက် သဘောထားတို့ကို ဆိုလိုသည်။ တို့ဗမာအစည်းအရုံးကြီး၏ ဝါဒသည် အကျဉ်းအားဖြင့် တို့ဗမာဝါဒ ဖြစ်သည်။

(၁) တို့ဗမာဆိုသည်မှာ ဗမာပြည်တွင်းရှိ တိုင်းရင်းသားများနှင့် ဗမာ့သွေးပါသူ ဗမာပြည်ကြီး၏ အကျိုးတို့ကို တို့ဗမာဝါဒအတိုင်း ဆောင်ရွက်မည့်သူများကို တဖြည်းဖြည်း တစ်ပြေးတည်း သွေးစည်း၍ ညီညွတ်စည်းလုံးရန်ကို ဆိုလိုသည်။

(၂) သခင်ဆိုသည်မှာ လူတိုင်းလူတိုင်း၏ အခွင့်အရေးကို ရရှိပိုင်ဆိုင်ရန်အတွက် ဆောင်ရွက်လုပ်ကိုင်သူများနှင့် လူတိုင်း လူတိုင်းတို့၏ လူတန်းစေ့ နေရေးထိုင်ရေးတို့ကို ကြံစည်လုပ်ကိုင်နေသူများကို ဆိုလိုသည်။ သို့အတွက် လူတိုင်းလူတိုင်း လူ့အလျောက် လူလိုနေထိုင်

mgyoe.com

mgyoe.com



ရန် ကြံစည်အားထုတ်သူတိုင်း သခင်ဟု ခေါ်သည်။ လူတိုင်းလူတိုင်း တစ်တန်းတည်း သခင်ဖြစ်ရန် လိုသည်။ ယခုအခါ တို့ဗမာတို့သည် နိုင်ငံရေးအရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ လွှမ်းမိုးချုပ်ချယ်ခြင်း ခံရလျက် အလွန်အောက်ကျနောက်ကျသော အခြေသို့ ရောက်၍နေ၏။ တစ်နည်းအားဖြင့် နေရေးထိုင်ရေးတို့ကို မရရှိကြဘဲ လူတန်းမစေ့ကြ။ သို့အတွက် တို့ဗမာတိုင်း တို့ဗမာတိုင်း လူတန်းစေ့နေနိုင်ရန် တို့ဗမာအစည်းအရုံးကြီးက ရှေ့ဆောင်ဦးစီးနေကြသဖြင့် တို့ဗမာအစည်းအရုံးဝင်တိုင်းသည် သခင်၊ သခင်မများ ဖြစ်ကြသည်။

(၃) တို့ဗမာအစည်းအရုံးကြီးသည် တို့ဗမာအလုပ်သမား လယ်သမား၊ ဆင်းရဲသား၊ ဈေးရောင်း ခေါင်းရွက်၊ လုပ်စားကိုင်စားတို့ အများဆုံး ပါဝင်သည့်အစည်းအရုံးကြီး ဖြစ်သဖြင့် မူလအခြေခံကစ၍ အခြားအဖွဲ့အစည်းများနှင့် မတူ အထူးကွဲပြား ခြားနားသည့်အပြင် ပြောင်းလဲလျက်ရှိသော ကမ္ဘာလောကကြီး၏အတွင်းရှိ ဆင်းရဲသားပိုက်ဆံမဲ့ လုပ်စားကိုင်စား တောင်သူလယ်သမားများ၏ အရေးကိစ္စတို့ကို ဦးစီးရှေ့ဆောင်ကာ လုပ်ကိုင်နေသော ကမ္ဘာ့အစည်းအရုံးကြီးများကဲ့သို့ တို့ဗမာ အစည်းအရုံးကြီးသည်လည်း ဗမာတစ်ပြည်လုံးနှင့် ပတ်သက်သော အစည်းအရုံးကြီးဖြစ်၏။

(၄) ပစ္စည်းရှိသူ၊ အရင်းရှိသူ၊ ဓနရှင်သူဌေး အစရှိသည်တို့၏ အကျိုးများကို အဓိကထား၍ အုပ်စိုးချုပ်ချယ်သော အရင်းအနှီးစနစ်ကြီး တည်ရှိနေသမျှ ကာလပတ်လုံး ပစ္စည်းရှိသူနှင့် ပစ္စည်းမဲ့သူ၊ ပိုက်ဆံရှိသူနှင့် ပိုက်ဆံမရှိသူ ကွဲပြားခြားနားခြင်း။ သူဌေးနှင့် ဆင်းရဲသား၊ အထက်တန်းစားနှင့် အောက်တန်းစား၊ သွေးစုပ်သူနှင့် သွေးစုပ်ခံရသူတို့၏ အဆင့်အတန်းများ မတူခြင်း... အစရှိသော အတန်းအစားကွဲပြားမှုရှိသည်ဟူ၍ ယုံကြည်ကြောင်း။

mgyoe.com

mgyoe.com


(၅) လူနည်းစုဖြစ်သော သူဌေး၊ ဓနရှင်၊ ကိုယ်ကျိုးရှာအရင်းအနှီးအားဖြင့် အမြတ်ယူသူတို့၏လက်ထဲတွင် ပစ္စည်းဥစ္စာပိုမိုတိုးပွားလေလေ... လူများစုဖြစ်သော ဆင်းရဲသားပစ္စည်းမဲ့ အောက်တန်းစားတို့၏ ဆင်းရဲဒုက္ခကျပ်တည်းခြင်းတို့သည် တစ်နေ့တခြား ပိုမို၍ များလေလေ ဖြစ်လေသည်ကို ယုံကြည်ကြောင်း။

(၆) ဗမာပြည်နှင့်တကွ အခြားလက်အောက်ခံနိုင်ငံတို့၏ လွတ်လပ်ရေး၊ လူနည်းစု ဓနရှင်သူဌေးတို့၏ ကိုယ်စားလှယ်အစိုးရကင်းမဲ့ရေး၊ အရင်းအနှီးစနစ်အရ တည်ထောင်ထားသော အာဏာရှင် အုပ်ချုပ်နည်း ပပျောက်ရေး၊ လူတိုင်းချမ်းသာစေ၍ လူတို့၏အခွင့်အရေးကို အားလုံးညီတူညီမျှ ခံစားပိုင်ဆိုင်သော စနစ်အခြေခံဖြင့် အုပ်ချုပ်သော တိုင်းသစ်ပြည်သစ် အစိုးရသစ်များ အလျင်အမြန် ထူထောင်ရန် အလိုရှိကြောင်း။

(၇) ဗမာပြည်နှင့်တကွ ကမ္ဘာကြီး၏ စီးပွားချမ်းသာရေး အုတ်မြစ်တည်နေရန်မှာ လူများစုဖြစ်သော အောက်တန်းစား ဆင်းရဲသားပိုက်ဆံမဲ့တောသူတောင်သား၊ လယ်သမား၊ အလုပ်သမားတို့ကိုယ်တိုင် အစိုးရမဖြစ်သမျှ ကာလပတ်လုံး မအောင်မြင်နိုင်။

**သို့အတွက်... တို့ဗမာအစည်းအရုံးကြီးက**
**အခြေခံထားသော အချက်များမှာ...**

(က) အောက်ဆုံးတန်းရှိ ပိုက်ဆံမဲ့တောသူတောင်သား လုပ်စားကိုင်စား အလုပ်သမား၊ လယ်သမား ဆင်းရဲသား နင်းပြားတို့သည် အရာရာတွင် ရှေ့ဆောင်ရန်။ (ရှေ့ဆောင်ခြင်းဆိုသည်မှာ ဝါဒလွှမ်းမိုးမှုကို ဆိုလိုသည်)

(ခ) နောက်ဆုံးရည်ရွယ်ချက်ဖြစ်သော လူတိုင်းလူတိုင်းတို့၏

mgyoe.com

mgyoe.com


အခွင့်အရေးအားလုံးကုန်ကို ညီတူညီမျှ မခံစားရမီ ဆင်းရဲသား လယ်သမား၊ အလုပ်သမားများ ကြီးစိုးသော အစိုးရ ထူထောင်ရန်။

(ဂ) အရင်းအနှီးအားဖြင့် အမြတ်ယူခြင်း၊ လူနည်းစုတို့၏ လက်ရှိ ငွေရင်းငွေနှီးဖြင့် ပိုက်ဆံရှာခြင်း အစရှိသော သဘောတရားတို့ ကွယ်ပျောက်စေခြင်း၊ လုပ်ရည်ကိုင်ရည် အစွမ်းကိုသာ တန်ဖိုးထားစေရန် တစ်ဦးတည်းပိုင် တစ်ခုတည်းပိုင်အဖြစ်ဖြင့် ပစ္စည်းဘောဂများသည် လှည့်လည်ခြင်း မရှိဘဲ တစ်နေရာ တစ်နေရာကောင်းတို့၌သာ စုပုံနေခြင်းအားဖြင့် များစွာသောသူတို့ ကျပ်တည်းကျဉ်းမြောင်းစေသည့်စနစ်မျိုး ကွယ်ပျောက်စေရန်နှင့် တိုင်းပြည်၏ ပစ္စည်းဘောဂများကို လူတိုင်းလူတိုင်း ညီမျှစွာ ပိုင်ဆိုင်ခွင့် ရှိစေရန်။

(ဃ) အထက်တန်းစား၊ အောက်တန်းစား၊ သူဌေးဆင်းရဲသား စသည်ဖြင့် စိတ်ဝမ်းကွဲပြားစေသည့် အတန်းအစားခွဲခြားခြင်း မရှိစေရန်။

(င) ငွေပင်ငွေရင်း စိုက်ထူ၍ အများအပေါ်၌ အညွန့်ခူးသော စနစ်သည် နိုင်ငံချဲ့စနစ်၏ မူလအခြေခံသဘောတရား ဖြစ်သဖြင့် လူနည်းစု ဓနရှင်တို့ အကျိုးအတွက် လောဘရမက်ကို ရှေ့ထား၍ စစ်မက်ပြုခြင်း၊ နိုင်ငံချဲ့ခြင်း စသည်တို့ကို တိုးပွားစေသောကြောင့် ထိုနည်းစနစ်ပပျောက်စေ၍ ငတ်မွတ်ခေါင်းပါး ချို့တဲ့ခြင်း၊ အောက်တန်းကျခြင်း၊ စသောဒုက္ခတို့မှ ငြိမ်းရာချုပ်ရာဖြစ်သော လောကနိဗ္ဗာန် တည်းဟူသော လူတိုင်းလူတိုင်း လူ၏အခွင့်အရေး၊ တင်း

mgyoe.com

mgyoe.com


ပြည့် ခံစားရေးတို့ကို တီထွင်ရန် ဖြစ်သည်။

(၈) တို့ဗမာတို့သည် ယခုအခါ အလွန်ဆင်းရဲဒုက္ခရောက်လျက် ရှိကြရခြင်း အကြောင်းရင်းမှာ လက်ရှိဆိုးဝါးလှသော မနေရှင်စနစ်၏ လက်ပါးစေတည်းဟူသော နိုင်ငံချဲ့စနစ်ကြောင့် ဖြစ်လေသည်။ ထိုနိုင်ငံချဲ့စနစ်ကြီးနှင့် တို့ဗမာတွေ တွေ့လျက် နေကြရသဖြင့် ထိုစနစ်ကြီးကို ပယ်ဖျောက်သုတ်သင်ရမည်။ ထိုစနစ်ဆိုးကြီးကို နိုင်ငံရေး အရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း၊ တို့ဗမာတို့သည် ပယ်ဖျက်ကြရမည်။ သို့ပယ်ဖျက်ရာ၌ နိုင်ငံရေးလွတ်လပ်မှုကို ရှေ့ရှုရန် တို့ဗမာအစည်းအရုံးကြီးက အခြေခံသဘောထားသည်မှာ... **ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား...** အစရှိသည် တို့ဖြစ်သည်။

(၉) နိုင်ငံရေးအရ လွတ်လပ်ရုံမျှနှင့် ကိုယ့်မင်းကိုယ့်ချင်းအဖြစ်သို့ မရောက်သေး၊ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရေးသည် လွတ်လပ်ရေးရပြီးနောက်မှ ဖြစ်နိုင်သည်။ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရေးဆိုသည်မှာ ရှေးကကဲ့သို့ တစ်ဦးတည်း တစ်ယောက်တည်း သက်ဦးဆံပိုင် အာဏာရှင်ဘုရင်တို့အုပ်စိုးနည်းမျိုး မဟုတ်၊ အများဖြစ်သော ဆင်းရဲသားများကိုယ်တိုင် ကြီးမှူးအုပ်ချုပ်သော ဆင်းရဲသား မင်း၊ ဆင်းရဲသားချင်းတို့သာ တို့ဗမာများ သဘောဆန္ဒအရ၊ ကိုယ့်မင်း ကိုယ့်ချင်း တည်ထောင်ရေး ဖြစ်သည်။

(၁၀) နိုင်ငံချဲ့စနစ်တိုက်ဖျက်ရန် လွတ်လပ်ရေးရရန်နှင့် ဆင်းရဲသားချင်း တည်ထောင်ရန်တို့သည် အလိုအလျောက်မလုပ်ဘဲနှင့် မဖြစ်နိုင်ချေ။ နိုင်ငံချဲ့စနစ် တည်ရှိနိုင်သမျှ တည်ရှိမည်။ ဆင်းရဲသားများ ကြီးစိုးနိုင်သော ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရန်မှာ ဆင်းရဲသားများ

mgyoe.com

mgyoe.com


ကိုယ်တိုင် စိတ်တူ သဘောတူ စည်းလုံးညီညွတ်စွာ ဆောင်ရွက်မှ ဖြစ်နိုင်မည်။

(၁၁) တို့ဗမာအစည်းအရုံးကြီး၏ ယုံကြည်ယူဆချက်များကို ထမြောက်အောင်မြင်အောင် လုပ်ဆောင်ရာ၌ မရှောင်မလွှဲသာသော အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်တွေ့ကြုံရမည်ဖြစ်၍ ၎င်းတို့ကို တွေ့ဆုံကျော်နင်းပြီး အောင်မြင်ရမည်။ သို့အတွက်ကြောင့် တို့ဗမာအစည်းအရုံးကြီး၏ ယူဆချက်တစ်ခုမှာ လာမည့်ဘေး ပြေးတွေ့ဖြစ်သည်။

(၁၂) အခါကာလ အားလျော်စွာ ရွေးကောက်ပွဲများ ဝင်ရောက်အရွေးခံခြင်း၊ အစည်းအဝေးပွဲများ ကျင်းပဆုံးဖြတ်ခြင်း၊ နစ်နာချက်အမျိုးမျိုးတို့ကို တောင်းဆိုရာ၌ အလုပ်ရပ်စဲခြင်း၊ နစ်နာခြင်းများအတွက် ကန့်ကွက်သောအနေဖြင့် စီတန်းလှည့်လည်ခြင်းတို့နှင့် အခြား စည်းစနစ်ကျနသင့်လျော်သော ဆူပူလုပ်ကိုင်မှုတို့ကို တို့ဗမာအစည်းအရုံးကြီးက လုပ်ဖို့ရန် ယုံကြည်ကြောင်း။

(၁၃) တို့ဗမာ အစည်းအရုံးတွင်ပါသော ဗမာပြည်တစ်ဝန်းလုံးရှိ တောသူတောင်သား အလုပ်သမား လယ်သမားတို့သည် တို့ဗမာအစည်းအရုံးကြီး၏ နိုင်ငံရေးအခြေခံသဘောတရားတို့ကို စိတ်ဝယ်ယုံကြည်သဘောပေါက်ပြီးသည့်နောက် ညီညွတ်စည်းလုံးသော အင်အားနှင့် စည်းကမ်းကျနစွာ ဆောင်ရွက်ခြင်းဖြင့် တကယ့် တန်ခိုးအာဏာရရှိမှ သာလျှင် ရည်ရွယ်ချက်များ ပေါက်ရောက်နိုင်မည်။

(၁၄) အလုပ်လုပ်ရာ၌ နောက်ဆုံး အချုပ်အခြာဖြစ်ကာ တန်ခိုးအာဏာများကို လက်ရသိမ်းပိုက်ရန် ပြင်ဆင်သော ပထမကာလနှင့် ပြင်ဆင်ပြီးသည်နှင့်တစ်ပြိုင်နက် အာဏာတန်ခိုးများကို တကယ်သိမ်းပိုက်ရေးကို လုပ်ကိုင်သော ဒုတိယကာလဟူ၍ ကာလကြီးအားဖြင့် နှစ်ကာလရှိသည်ကို ယုံကြည်ကြောင်း။

mgyoe.com

mgyoe.com



(၁၅) တို့ဗမာ အစည်းအရုံးကြီးသည် ကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်ရာ၌ တို့ဗမာအစည်းအရုံးကြီး၏ စည်းမျဉ်းအရ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အထက်ပါ တို့ဗမာဝါဒမှာ ၁၃၀၀ ပြည့် တန်ဆောင်မုန်းလဆုတ် ၁၅ ရက်နေ့ မော်လမြိုင်ဇရပ်တွင် ကျင်းပသော မြန်မာပြည်လုံးဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့မှ အတည်ပြုပြီးသော ဝါဒဖြစ်သည်။

❖

mgyoe.com

mgyoe.com

# ခေတ်ကာလ ပြုပြင်ပြောင်းလဲရေး

ရေးသူ  သခင်ကိုယ်တော်မှိုင်း

"သတိမမူ ဂူမမြင်" ဟူသော စကားကဲ့သို့ လောကလူတို့သည် အခြားအခြားသော ကိစ္စကြီးငယ်တို့ကို ဂရုတစိုက် လုံ့လပြုလျက်ရှိကြသော်လည်း ထိုထိုသို့သော ကိစ္စအပေါင်းတို့ထက် အရေးကြီး၍ ယခုလည်း မိမိတို့အား ပြုပြင်လျက် နောင်လာနောင်သား အဆွန့်ရှည်စွာသော သား မြေး မြစ် အစဉ်အဆက်တို့၏ ကောင်းကျိုးမကောင်းကျိုးတို့ကို ပြုပြင်တတ်သည့်အပြင် "ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ" ဟူသော စကားကဲ့သို့ နောင်သော ရာဇဝင်မှတ်တမ်း အရပ်ရပ်တို့တွင် ယခုကာလ လူဖြစ်ရသော ကျွန်ုပ်တို့ ခေတ်ပုံကြီးသဖွယ် အထိမ်းအမှတ်တစ်ခုအဖြစ် ကမ္ဘာအရှည် တွေ့မြင်နိုင်ကြရန် ကျန်ရစ်မည်ဖြစ်သော ခေတ်ကြီး၏ အကြောင်းကိုမူကား ကောင်းစွာ ဂရုမစိုက်နိုင် အမှုမဲ့ အမှတ်မဲ့ဖြင့် နေကြလေသည်။ သို့သော် ထိုထိုသော ကိစ္စကြီးငယ်တို့က ကျွန်ုပ်တို့အား

mgyoe.com

mgyoe.com



ကြီးမားခိုင်ခံ့သော အကျိုးကို ပေးစွမ်းနိုင်သည်မဟုတ်၊ ခဏခေတ္တ တဒင်္ဂမျှသော မျက်မှောက်အကျိုးလေးကို ပေးတတ်ချေသည်။ "ခေတ်ကြီး" ကမူသာလျှင် ကမ္ဘာအရှည် တည်တံ့ခိုင်မြဲသော အကျိုးထူး အကျိုးမြတ် တို့ကို ပေးစွမ်းနိုင်သဖြင့် ကျွန်ုပ်တို့သည် ခေတ်ကာလကြီးကို အထိမ်း အမှတ်မရှိ အမှုမဲ့ အမှတ်မဲ့ တကော်မကိုင်ကင်းသော လေ့သဘော်ကဲ့သို့ ရောက်လိုရာရောက် မျောလိုရာ မျောမထားဘဲ အရပ်ရပ်သော ကိစ္စတို့ ထက် အလေးဂရုမူထိုက်ပေသည်။

"ခေတ်"ဟူသောစကားသည် ပညတ် သမုတ်အပ်သော အခေါ် ဝေါဟာရအတိုင်းပင် ကမ္ဘာအရှည် တည်တံ့သော အရာမျိုးမဟုတ်၊ ချောင်းမမြစ်ရေသည် တစ်နေရာတွင် တည်တံ့မနေဘဲ အစဉ်သဖြင့် စီး လျော ရွေ့လျားနေဘိသကဲ့သို့လည်းကောင်း၊ အချိန်နာရီသည် အစဉ် ပြောင်းလဲနေဘိသကဲ့သို့လည်းကောင်း၊ နှစ်သည် နှစ်သို့ ကူးပြောင်း သကဲ့သို့လည်းကောင်း၊ အစဉ်သဖြင့် ရွေ့လျောပြောင်းကြွနေသော အရာ ဖြစ်ပေသည်။ လွန်ခဲ့ပြီးသော အတိတ်က ခေတ်များသည် လွန်ခဲ့ပေပြီ။ ယခုလည်း ပစ္စုပ္ပန်ခေတ်ကြီး ကျရောက်လျက်ရှိ၏။ နောင်အခါလည်း အနာဂတ်ခေတ်များ လာရောက်ဦးမည်ဖြစ်၍ ကမ္ဘာတည်သမျှ ကာလ ပတ်လုံး တစ်ခေတ်မှတစ်ခေတ်သည် ပြောင်းလဲလျက် ရှိချေမည်။

သို့သော် ကိုယ့်ခေတ် ကိုယ်သာဆိုင်သည်ဟု မှတ်ရမည်။ အချို့ တို့မှာ မိမိတို့ ခေတ်ကြီးတစ်ခုလုံးကို မကောင်းချလျက် ရှေးလွန်လေ ပြီးသော ခေတ်ဟူသမျှတို့ကို အကောင်းချည်းသာထားလျက် ယခုကာလ ရှေးကလို နေရာမကျပေါင်ကွယ်၊ ရှေးကခေတ်များသာ အောက်မေ့ တမ်းတ ငြီးတွားကာ နေတတ်ကြပေသည်။ ထိုသူတို့မှာ ယခုခေတ် ကာလကြီး၏ ကောင်းသောအချက်အလက်တို့ကို သတိမူကြသောသူ များ မဟုတ်ကြပေ။ ဟောင်းတိုင်းကောင်းသည်ဟု ထင်မှတ်ကြသူများ ဖြစ်

mgyoe.com

mgyoe.com



ကြပေသည်။

အချို့တို့မှာကား မိမိတို့ခေတ်ကာလ မော်တော်ကားကလေး စီးရသည်ကိုပင် ရှေးကထက် အလွန်အကျူးကောင်းလှပေသည် ထင်မှတ်လျက်၊ မိမိတို့ ဆင်းသက်ခဲ့ကြသော ဘိုးဘွားမိဘလက်ထက်ကို အထင်အမြင်သေးသိမ်လျက် ရှိတတ်ကြလေသည်။ ထိုသူတို့ကား "မမြင်ဖူးမူးမြစ်ထင်"ဆိုသကဲ့သို့သာ ဖြစ်ချေသည်။ မိမိတို့မော်တော်ကားစီးရသောခေတ်မှသာလျှင် လူဖြစ်ကျိုးနပ်သည်ဟု ထင်နေကြသော သူများအား အမောင်တို့ ရှေးခေတ်များမှာ အမောင်တို့လို မော်တော်ကား စီးရခြင်း၊ မီးရထားစီးရခြင်းများကား မရှိ ဟုတ်မှန်ပါ၏။ သို့သော် အမောင်တို့ခေတ်တွင် အနော်ရထာမင်းစော၊ ဟံသာဝတီ ဆင်ဖြူရှင်များရှင်၊ အလောင်းမင်းတရား၊ ဗန္ဓုလတို့ကဲ့သို့ တိုင်းပြုပြည်ပြု ဘုန်းအား၊ ရုံးအား နှလုံးအားဖြင့် သုံးပါးဗလပြည့်စုံလင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များရှိပါ၏လော၊ အစွမ်းအစမျှ ထင်ပါ၏လောဟု မေးမြန်းပါက မရှိကြောင်းဝန်ခံလျက်၊ ငါတို့ခေတ်မှသာ ခေတ် မဟုတ်ပါတကားဟု တွေးတောမိကြပေလိမ့်မည်။

သို့သော် ဤအရာများကား...အကြောင်းအားလျော်စွာ ပြဆိုလိုက်ခြင်း ဖြစ်ပေသည်။ စင်စစ် သူ့ခေတ် ကောင်းသည်။ ငါ့ခေတ်ကောင်းသည်ဟု ငြင်းခုံမာန်တက်၍ နေရန်မလို၊ အထက်က ပြဆိုခဲ့သည့်အတိုင်း ကိုယ့်ခေတ် ကိုယ်နှင့်သာ ဆိုင်သည်ဟု အမှတ်ထားကာ မိမိတို့ခေတ်ကို မိမိတို့ လုံခြုံအောင် စောင့်ရှောက်ကြရန် ဖြစ်ပေသည်။ ရှေးခေတ်များကို အပြစ်အနာမှစ၍ ကဲ့ရဲ့ရှုတ်ချပြောရန် မလို၊ ထိုခေတ်များမှာ ကောင်းလျှင် ကောင်းသည့်အလျောက်၊ ဆိုးလျှင် ဆိုးသည့်အလျောက်၊ ဤသို့သော အကြောင်းရှိသဖြင့် ဤခေတ်တွင် ဆိုးရလေသည်။ ဤသို့သော အကြောင်းရှိသဖြင့် ဤခေတ်တွင် ကောင်းရပေသည်ဟု အကျိုးနှင့်

mgyoe.com

mgyoe.com



အကြောင်း တိုင်းထွာဆင်ခြင်၍ ရှေးခေတ်များကို အတုယူ နည်းခိုးလျက်၊ မိမိတို့ ဆရာအဖြစ် ထားသင့်ပေသည်။

ခေတ်ကာလ၏ အဆိုးအကောင်းမှာ လူတို့၏ လက်တွင်းတွင် ဖြစ်ပေသည်။ အိုးထိန်းသည်၏လက်တွင်းရှိ ရွှံ့စေးကဲ့သို့ ခေတ်ကာလမှာမူ လူတို့၏ပြုပြင်ရာ ဖြစ်ပေသည်။ လူအပေါင်းတို့ လုံ့လ၊ ဝိရိယ၊ ဉာဏ်ပညာ အမြော်အမြင်ဉာဏ်နှင့် သေးကွေးသောအခါများ၌ ခေတ်ညံ့ ခေတ်ဆိုးများ ဖြစ်တတ်ပေသည်။ လူတို့ လုံ့လ၊ ဝိရိယ၊ ဉာဏ်ပညာ ကြီးမားခိုင်ခံ့သောအခါများတွင် ရွှေမိုးငွေမိုး ဖွံ့ဖြိုးရွှာသွန်း အတိုင်းထက်အလွန်ကောင်းမြတ်သော ခေတ်ကြီးများ ဖြစ်လာရကြောင်းကို ရှေးဟောင်းရာဇဝင် အစဉ်အလာများ၌ ထင်ရှားတွေ့မြင်ကြရပေသည်။ ယခုခေတ်တွင်ပင်လည်း တိုင်းကြီးပြည်ကြီး အသီးသီးတို့တွင် မျက်မြင်ဒိဋ္ဌ ဖြစ်ပေသည်။ ထို့ကြောင့် ခေတ်ဆိုးလျှင် ခေတ်ကို အပြစ်မဆိုသာ ထိုခေတ်တွင်ရှိသော လူတို့ကိုသာ အပြစ်ဆိုစရာ ဖြစ်သောကြောင့် ငါတို့ခေတ်အတွက် ငါတို့တာဝန်ကြီးပေတကားဟု များများကြီး နှလုံးသွင်းအပ်ပေသည်။

ကျွန်ုပ်တို့ မြန်မာပြည် လက်ရှိခေတ်ကာလကြီးကို တွေးတောကြံဆ ရှေ့နောက်တိုင်းထွာလိုက်သော် များစွာအရေးကြီးနေသော အခါကာလကြီးနှင့် ကြုံကြိုက်လျက်၊ သတိမူမိသူတို့ စိုးရိမ်ကြောင့်ကြဖွယ်ရာဖြစ်၍နေပေသည်။ ယခုအခါ မြန်မာလူမျိုးတို့မှာ လွန်ခဲ့သော ခေတ်ကကဲ့သို့ ဖြစ်သမျှနှင့် တင်းတိမ်ရောင့်ရဲခြင်းမရှိ၊ ရှေ့သို့ တိုးတက်လိုသောစိတ်၊ ကောင်းနိုးရာရာတို့ကို တက်လှမ်းဆွတ်ခူး အသုံးပြုလိုသော ဆန္ဒဖြင့် ကာယစိတ္တနှစ်ဌာနလုံး၌၊ မငြိမ်သက်ဘဲ လှုပ်လှုပ်ရွရွ ပြောင်းရွှေ့နေသော ကြားခေတ်ကြီးနှင့် ကြုံကြိုက်လျက်ရှိရပေသည်။ ယခုအခြေအနေကို ထောက်ဆသော် အိုးထိန်းစက်ပေါ်တွင် တင်ထားသော ရွှံ့စေး

mgyoe.com

mgyoe.com



ကဲ့သို့ ဖြစ်နေပေသည်။ ပုံပန်းသဏ္ဌာန် ကျကျနနမရှိသေး၊ အိုးထိန်းဆရာကြီးလက်က ညံ့လျှင် ညံ့သည့်အလျောက်၊ ကောင်းလျှင် ကောင်းသည့်အလျောက် ဖြစ်ရချေမည်။ သို့အတွက် အိုးထိန်းနှင့်တူသော ယခုခေတ်ရှိလူများက ချို့ယွင်းပျက်ပြယ်ခြင်းမရှိဘဲ ခိုင်ခံ့လှပသော အိုးသစ်အိုးကောင်းများ ဖြစ်လာရန် အထူးသဖြင့် ညွှန်ပြအားစိုက် သတိဝီရိယကြီးရမည့်အခါကြီး ဖြစ်ပေသည်။

လူကိုအစိုးရသည်မှာ စိတ်ပင်ဖြစ်၏။ စိတ်ကို အစိုးရသည်မှာ ပညာပင်ဖြစ်သည်။ ပညာကို အစိုးရသည်မှာ ဗဟုသုတအတတ်ပင် ဖြစ်သည်။ ဗဟုသုတအကြားအမြင်အတတ်ကိုမူကား ကျမ်းဂန်စာပေက အချုပ်ဖြစ်၏။ ကျမ်းဂန်စာပေသည် အချုပ်ဖြစ်၍ ခေတ်ကိုသော်လည်း ကောင်း၊ လူကိုသော်လည်းကောင်း၊ ချုပ်ချယ်လျက် ကောင်းကျိုး မကောင်းကျိုးကို ပေးနိုင်သည်မှာ ရာဇဝင်တွင် သက်သေသာဓက အထင်ရှားဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် အင်းဝအဆက်နောက်ဆုံး၌ နိမိတ်မင်္ဂလာမရှိသော စာနုစာညံ့များ ထွန်းကားလွန်းသဖြင့် အင်းဝဘုရင် တလိုင်းတို့လက်သို့ပါကာ၊ မြန်မာတစ်ပြည်လုံး ထုံးထုံးညက်ညက် ကြေကြေရခြင်း၊ ပြင်သစ်ပြည်တွင် "ရူးဆိုးဗော်လထိုင်ယာ" တို့၏ စာပေများ လှုံ့ဆော်ချက်ဖြင့် ပြင်သစ်အရေးတော်ပုံကြီး ဖြစ်၍ ပြင်သစ်နန်းဆက် ပြတ်စဲရခြင်း၊ ယခုခေတ်ကာလ 'ကာလ်မတ်စ်' ခေါ် ပုဂ္ဂိုလ်ကြီး၏ ရေးသားချက်တို့ဖြင့် ရုရှားပြည်ကြီး ကျွမ်းထိုးမှောက်ခုံ ဖြစ်ရခြင်း။ ဤသို့စသည်ဖြင့် စာပေ၏ အင်အားသည် မည်မျှကြီးမားကြောင်းကို တွေ့ရပေသည်။

သို့အတွက် ခေတ်ကာလပြောင်းလဲရေးများတွင် စာပေများကို အထူးစောင့်ရှောက်သင့်ပေသည်။ တည်ငြိမ်သောအခါများ၌ အရေးမကြီး လှုံ့လှုံ့ဝါဝါ မငြိမ်မသက်နှင့်၊ လူတို့သည် ဤအရာ ကောင်းနိုးနိုး၊

mgyoe.com

mgyoe.com



ထိုအရာ ကောင်းနိုးနိုးဖြင့် တွေ့သမျှ မြင်သမျှတို့ကို လက်လှမ်းဖမ်းဆုပ်နေသည့်အခါကြီးတွင် မသင့်မလျော်သော စာပေများကို ကိုင်တွယ်မိမည်ကို စိုးရိမ်ရပေသည်။ သို့အတွက် ထိုသို့သော စာပေများကို အုပ်စိုးပပျောက် မပြုမထွက်ဝံ့အောင် လူကို အကျိုးဖြစ်ထွန်းစေမည့် စာကြီးပေကြီး ကောင်းမွန်သန့်ပြန့်သော အတတ်ပညာများကို အထူးဂရုပြု၍ စာပေဝန်ထမ်းကြီးအဖြစ် ဆောင်ရွက်ကြပါမှ သင့်လျော်လျောက်ပတ်မည်ဖြစ်ကြောင်း။

❖

mgyoe.com

mgyoe.com

# သခင်ကိုယ်တော်မှိုင်းနှင့် စစ်ကိုင်းသူတို့ မေတ္တာလက်ဆောင်

ရေးသူ သခင်ကိုယ်တော်မှိုင်း
(စစ်ကိုင်းတောရ)

ကျွန်ုပ်တို့သည် ဤမည်သော ဇေယျာပူရတိုင်း စစ်ကိုင်းမြို့ ရွှေမင်းဝံတောင်တန်း၌ ရှောင်ဘမ်းရင်း စာချပြီး ယာပထမ္ဗုခြင်းဖြင့် သိီတင်းသုံးနေထိုင်တော်မူ၍ တနေ့သောနံနက် အရုဏ်တက်အချိန်မှာ ရှင်ကြူန္နာစရိယ၏လုပ်ရပ်ကျမ်းဂန်မှ "အစိန္တေယျံ ပူနမာဟံ" အစရှိသည့် ဘုရားရှိခိုးအရ စတုဓာတုစ–ဓာတ်လည်းလေးထွေ၊ နဂါးမြွေကလည်း လေးစင်း၊ ခပင်းများလှ စတုကဖြင့် လေးဝတေဇော ဓာတ်သဘောကို လည်းကောင်း၊ စတုရသဋ္ဌ၊ ဖြူ–ရွှေ–ဝါ–နီ လေးလီအရောင် ပြောင် ပြောင်ထူးခြား၊ ပြဒါးလေးထွေ၊ လေးစင်းမြွေကိုလည်းကောင်း အစရှိ သည်ဖြင့် အဋ္ဌလီပဂ္ဂယှ၊ သက္ကာစ္စအမျိုးမျိုးတို့နှင့် ဘုရားပုထိုးရှိခိုးဝတ်ပြု ခြင်း၊ ပရိတ်ဘာဝနာ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းပြီးရာ ရေးအခါကာလ

mgyoe.com

mgyoe.com


ဗမာများသမိုင်း မညှိုးခဲ့တဲ့ စစ်ကိုင်းမြို့ခြသေ့်သုံးဆယ်ဘုရားအရှေ့တွင် အမေ့မောင်ကြီး ဦးရီးရဟန်းတော်နှင့် အင်္ဂလိယ ထိုးဘက်ဖြစ်တော်မူသော လူမည်ဦးစု ရဟန်းမည် ဦးဂုဏိန္ဒက ထိုမည်သော အင်္ဂလိယသမားတို့သည် နဂါးကို အကောက်မှားလို့ မှောက်အားကြီးကြကြောင်း။ ။ ၎င်းပြင် တလီ နဂါးနီ ခေါ်ဝေါ်ပုံကို အာရုံနှင့်ဆင်ခြင်၍ ထင်မြင်ရိပ်မိမှ သိဒ္ဓိလမ်း ပေါက်မည်တကားဟု ရေးသားတဲ့ တေးသွားကဗျာကို ဆရာတဖန် သတိရတော်မူပြန်လေ၏။ အဘယ်သို့ သတိရသည်မှာလည်း အောက် ပါအတိုင်းပင် ဟူ၏။

**နဂါးနီဘွဲ့တေးထပ်**

ပညာဉာဏ်သိပ္ပ၊ စိတ်ချတော့သေချာ၊ ဒိဋ္ဌပေါ့ဝေပါတယ်၊ ကေဝလာစုံစေ့။ ။ ဆိတ်ကလေး မဝှက်သိုပေါင်၊ စမြွက်ဆိုကြား လိုက်လေလေ့။ ။ နားကျကျ မူသေသေငယ်၊ ယူပစေမမေ့၊ လူ လေတွေ မတွေ့လို့လေ့သော်လဲပန်းရုံ။ ။ နဂါးကို အကောက်မှား လို့၊ မှောက်အားဖြင့် ကြီးကြဗိုလ်ပုံ။ ။ ရေနှင့် မီး တွေ့ဆုံလျှင်၊ နေ့မကုန် ရက်မကူးပါဘူး၊ အချက်ထူး နဂါးနီနော်၊ ရှေးက အခေါ်။ ။ မလွဲနှင့်လူမော်ငယ်၊ ဖြူတော်သာမူအုန်းမယ်ပလေး။ ဟူ၍ လည်းကောင်း။

၎င်းပြင်တဖန် ပဋ္ဌမံ ဦးအောင်ယခေါင်က စီရင်ခဲ့သော အင်္ဂလိယ ရကန်၌လာပုံ။ ။ ယုန်နှင့် ဒေါင်းဝက်၊ ပေါင်းကာ ရှက်က၊ နဂါးစက် ကား ပြယ်လိမ့်မည်။ အများထက်ကား ကြွယ်လိမ့်မည်။ ။ ဟူသည်ကို လည်းကောင်း။

တကြောင်းနောက်မူ တောင်ငူမြို့အပိုင်၊ ခရိုင်အထူးဖြူးမြို့အဝင် အပါ မင်္ဂလာစနဲ့ မှီးလောက်တဲ့၊ ဝဲကြီးအောက်ခုံရွာ၊ ဆရာတော်အရှင်၊

mgyoe.com

mgyoe.com


ပြုစီရင်တဲ့ "အင်္ဂလိယ အလင်းပြ"ကျမ်းတကျမ်းကို၊ ဘန်းခုံးရှင်ကေသာက၊ တသေတချာပေးလာသဖြင့် ရှေးအခါ လက်ရှိ သမတတည်းဟူသော အင်္ဂလိယကျမ်းအစောင်စောင်တို့၌ တိမ်ရောင်နှင့်နက်နဲပြီး ခက်ခဲသော အဓိပ္ပာယ်တို့ကို မပိတ်မကွယ် ဖော်ပြသဖြင့် တော်စွတော်စွဟု စဉ်းစားပြီး လင်းအားကြီးအချိန်မှာ လာနေကျ ဘိုးသူတော် ငမောင်တို့သည် ရောင်ပေရောင်နဲ့ တောင်ခြေသို့ ရောက်လာကြသည့်ပြင် သီလရှင် တပည့်မတို့လဲ ရသေ့ ဆရာ့ရွှေဘွားတော်အောက်သို့ လာရောက်ပြီးခါ တရားနာချင်ကြပါကြောင်းနှင့် တောင်းပန်လျှောက်ထားကြကုန်၏။

သို့ တောင်းပန်လျှောက်ထားသည်များကို သနားတာကလဲ တခါ၊ အားနာရတာကလဲ တစ်မျိုးနဲ့။ ရှိရိုးသို့ ဖိုထိုးမကြွသွားမိ၊ နဂါးနီအသင်းက ဖြန့်ကျင်းထုတ်ဝေမည့် နဂါးနီသတင်းနှင့် စပ်လျဉ်း၍၊ ကျဉ်းလည်းမကျဉ်း၊ ကျယ်လည်းမကျယ်၊ အလယ်အလတ်ဖြစ်သော တရားကို ဟောလား ပြောလား လုပ်တော်မူရသည်မှာ အောက်ပါအတိုင်း ဟူလို။

အို… ဘိုးသူတော် မယ်သီလ၊ ရှိသမျှအပေါင်း သူတော်ကောင်းတို့…။

"ဘုရားပါ ဘုရားဟု" ညီညီညာညာ ဦးချပြီး ထူးကြစေ။

"သြော်… ဟိုနောက်နားက ဖိုးဖိုးလိမ်းလိမ်းနဲ့ဟာ… ကျုပ်တို့ ဒကာမကြီး အရီးစိမ်း မဟုတ်လား"

အရီးစိမ်း။ ။ "မှန်ကြောင်းပါ ဘုရား"

"အင်း… တာဝတိံသာ၊ မဟာနန္ဒဝန် ကျောင်းသို့ ရွှေ့ပြောင်းတော်မမူခင် အသျှင်ဦးဝိစာရက ဒကာ–ဒကာမတည်းဟူသော ဗမာများ မတိမ်စရာ လိမ္မာရစ်ကြလို့ အနို့လို မိန့်တော်မူခဲ့တဲ့ အမိန့်တော်စကားကို များများကြီး သတိရပြီး ကဝိဓဇ ၎င်းရသေ့က အောက်မေ့တော်မူ

mgyoe.com

mgyoe.com


မိတယ် ပုညဝတီရဲ့"

ပုညဝတီ။ ။ "မှန်လှပါ... အမျိုးဘာသာ သာသနာတော်ကြီး အတွက် အသက်ကို မနှမြောဘဲ ရက်ရောစွာ ပြုတော်မူခဲ့တဲ့အကြောင်း ဟောင်းတယ်လို့ မမေ့ဘဲ အောက်မေ့စရာကြီးပေါ့ ဘုရား"

"အို... ကေသာဝတီတို့ ဘေဒါရီတို့ အာဇာနည်သခင် အရှင် ဦးဝိစာရ၏ ဈာပနဥ္စ ဘာဝနာ သမထ ကမ္မဋ္ဌာန်းကျင့်ဘို့ ခန်းဖွင့်မင်္ဂလာ နိဗ္ဗာန်ကျောင်းချ သဘင်အခါကို သခင်ဗမာတို့ခေတ်၊ သက္ကရာဇ် ၁၂၉၁ ခုနှစ်အတွင်း သီတင်းကျွတ် လဆန်း ၄ ရက်တွင် ဆင်ယင်ကျင်းပဘို့ အလုပ် ကျုပ်တို့ ရေးသားပြီးသော်၊ ပူဇော်ကန်တော့လိုက်သော ထောမနာ ဩဘာစာကို တလောတခါ တညွန်ညွန်နဲ့ ဟောရမှာဖြင့်"

ဦးဝိစာရ ကမ္မဋ္ဌာန်းဂါထာ

ဘဝန္တော ဝိစာရ ထေရော
သာသနတ္ထာယစရိတော
ဇီဝိတံ ဝိသေဇ္ဇတ္တာန
နရလောကာတိဝိတ္တန္တော။ ။

အဲ–အနှီကဲ့သို့သော ဂါထာပါဠိပဒ၏။ အတ္ထယောဇနာ၊ ဗမာပြန် အနက်မှာကော ဆိုတော့...

ဘောန္တောသပ္ပုရိသာ၊ အပြည်ပြည်အရွာရွာမှ၊ ညီညာဖြဖြမကြည် မသာ၊ တရွရွဖြင့်၊ ဤနေရာဤဌာနသို့၊ လာကြရောက်ကြတဲ့ အို... ဒကာမ၊ ဒကာအပေါင်း၊ သူတော်ကောင်းရို့။ သာသနတ္ထာယ၊ လောက သုံးပါး ဦးထိပ်ထားရတဲ့ ဘုရားရွှေဘုန်း ပညတ်ထုံး ဖြစ်တဲ့ အဆုံးအမ တော်တည်း ဟူသော သာသနာတော်မြတ်ကြီး အကျိုးငှာ ဇီဝိတံ၊ ရုပ်နာမ် နှစ်သွယ်၊ တည်ဘွယ်အချက်၊ မတည်လှည့်ချင့်တဲ့၊ အနှီသည့် ဇီဝိတိန္ဒြေ

mgyoe.com

mgyoe.com


ဆိုတဲ့ အသက်ကို ဝိသေဇ္ဇာတွာန၊ ဆင်မြန်းတဲ့ သင်္ကန်းတော်ကိုမှ ချွတ်ပုံပြီး မဝတ်ရုံတော်မူရတဲ့အပြင်၊ သံဃာတော်တို့ အထူးလုပ်စရာ ဥပုသ်ပဝါရဏာကိုမှ မပြုရတဲ့အတွက်...

သည်နှစ်ချက်တို့ကြောင့် မငဲ့မကွက်၊ ထက်ထက်မြက်မြက်၊ စိတ်အကြံထားတော်မူတဲ့ အဓိဋ္ဌာန်တရား၊ မပျက်ပြားရလေအောင်၊ ခွာရှောင်စွန့်ပစ်တော်မူခဲ့ပြီး၍။ စရိတော၊ အရင်းအဖျား၊ ယွင်းမမှားအောင် စဉ်းစားတော်မူကာ သာသနာတော်မြတ်ကြီး၏ အကျိုးများကို၊ နိုးနိုးကြားကြားနှင့် တိုးတိုးပွားပွားဖြစ်ရလေအောင် ကြိုးစားပြီးသကာလ၊ ၁၆၆ ရက်တို့ပတ်လုံး ဆွမ်းဘုဉ်းပေးတော်မမူဘဲ၊ ခဲခဲမဲမဲ စွဲစွဲမြဲမြဲ၊ တကတဲ ကျင့်တော်မူပေတတ်သော။ ဝိစာရထေရော၊ အနွတ္ထသညာ၊ လိုက်ရောစွာသား၊ မဟာဇာနည် "အရှင်ဦးစိစာရ" မထေရ်သည်။ နရလောကာ၊ ဒုက္ခဝန်တွယ်၊ အလွန်ကျယ်တဲ့၊ ရှုံ့ဘွယ်ပေါလှ၊ လူ့လောကမှ။ သဂ္ဂလောကံ၊ အလျှံတန်ခွန်၊ စံမလွန်တဲ့ နန္ဒဝန်တောရကျောင်းတို့ဖြင့် အကောင်းဆုံးသော သမ္မာသိမ်တို့နှင့် တာဝတိံသာနတ်ပြည်တို့။ အတိဝိတိဏ္ဏော၊ သီတင်းသုံးဘော် သဃ်တော်နှင့်၊ ပြည်ပေါ်တလွှား၊ တိုင်းရင်းသားဖြစ်ကြ၍၊ ချစ်ရခင်ရ၊ ကြင်နာရတဲ့ အကြင်ဒကာ ဒကာမတို့အား ပစ်ထားစွန့်ခွာတော်မူခဲ့ပြီးသော်၊ ဩော် တရားမျှော်ခေါ်၊ များစွာသော အဘော်အလှော်တို့ကို၊ သနားတော်မူလျက်သားနှင့် တက်သွားကူးမြောက်တော်မူရှာလေပြီ တမုံ့။

ယင်းသို့ ဟောလိုက်ပြောလိုက်ရာ၊ များစွာသော တပည့်မတို့သည် အစိအငှ သောသောရုတ်ရုတ်ထတဲ့ပြီး အဟောဒုက္ခအဟောဒုက္ခနှင့် တောအုပ်က တကျီကျီ မွှန်းပြီး၊ မြည်တွန် တောက်တီးကြလေသတည်း။

"အို... ဘောဒါရီတို့၊ ကေသာဝတီတို့၊ ဤသို့ အစရှိသော ဩဘာ

mgyoe.com

mgyoe.com


စာများကို ဖတ်ကြားပြီးလျှင် အရှင် ဦးဝိစာရ၏ ကလာပကို ချာပနပြု ရန် နိဗ္ဗာန်ကျောင်းချ ကိစ္စကြီး ပြီးစီးခဲ့ပြီးနောက် သုံးရက်မြောက်ညအခါ ဒကာမတို့ ဆရာတကြိမ်စက်လိုက်တော့ အိပ်မက်တော်မှူသကိုး ပုညဝတီရဲ့။

ပုညဝတီ။ ။ "သြော်... သခင်စက်တော့ မြင်မက်တဲ့ အိပ်မက် များ ကြားချင်လှချည်ရဲ့ ဘုရား"

"သြော်... ဘယ်လိုမြင်မက်ပါသလဲဆိုလျှင်၊ ဟိုယခင်က ရှင် ဘုရင်များ ဆောက်လုပ်တဲ့ ကုသိုလ်တော်ကျောင်းကြီးလို ထိုမည်သော ကျောင်းကြီးပေါ်မှာ ဆရာတော်သခင် အရှင်ဦးဝိစာရ အလောင်းတော် အခင်းအကျင်းမှာ သံသျှင်းတို့၊ ကြာကလပ်တို့မမြင်ရဘဲ၊ အရှင်သာမန ညာ လက်ချောင်းမှာ ဒေါင်းတောင်တွေနှင့် တဝေဝေ မြင်ရပေသည့်ပြင်၊ အကြင်သို့သော အုဋ္ဌဇရပ်ကြီးတခုအတွင်းမှာ ပါးပြင်းတထောင်ထောင် မာန်စောင်တကြွားကြွားနဲ့ မြွေနဂါးအရှင်ကို ရှုမြင်ရပြီး၊ ခဏချင်းသာ ထိုသတ္တဝါနဂါးကြီးသည် အရီးစိမ်းတို့ ရန်ကုန်မှာ အပြိုင်အဆိုင်လုပ် ကြတဲ့ ဘိုင်စကုပ်ရုပ်ရှင်မှာ ရုပ်အသွင် ပြောင်းလွဲသလို၊ ဘလောင်းဘလဲ ဖြစ်သွားရော့တယ်"

ဘောဒါ။ ။ "ဘယ်လိုများ ပြောင်းလဲပြီး ဘလောင်းဘလဲ ဖြစ်သွား ပါသလဲ ကိုယ်တော်"

"သြော်... ဘယ်လိုပြောင်းလွဲသွားသလဲဆိုတော့... ထိုသို့သော နဂါးအသွင်ပြောင်းပြီး၊ ကောင်းခြင်းငါးဖြာ ကြန်အင်္ဂါနှင့် အယဉ်မှာလဲ ရှုမငြီး၊ မကြီးမငယ် ခပ်ရွယ်ရွယ်မြင်ရတော့ ယခင်က တထောက်စံခဲ့တဲ့ ပေါက္ကန်ပြည်ကြီးရှင် ဘုရင်တရုပ်ပြေးမင်းရဲ့ သက်နှင်းမဟေသီ တဒေဝီ စောလုံနဲ့ ချောပုံများတူမလားလို့တောင် စဉ်းစားတော် မူမိသေးတယ် ဒေါ်ပါရမီရဲ့"

mgyoe.com

mgyoe.com


ဒေါ်ပါရမီ။ ။ "သခင်ကိုယ်တော်မြတ် အိပ်မက်က တိမ်တိမ်နဲ့ နက်တဲ့ အိပ်မက်ပေပဲ၊ တကတဲ… ဆန်းလဲ ဆန်းကြယ်ပါပေတယ်"

"အို… ဒေါ်ဒေါ်ပါရမီ အနှီသို့ အိပ်မက်ရာ ဝယ် "အလယ်တောရ" ဆရာတော်ဘုရားကြီးရဲ့ အပါးအနီးမှာ လျှောက်ထားဘူးတဲ့အပြင် အကြင်သို့သော ရတနာပုံ မန္တလေးက "ရွှေရေးဆောင် ဆရာတော်" ဘုရားကိုလဲ စာအားဖြင့် လျှောက်ထားဘူးတယ် မယ်စန္ဒာရဲ့"

စန္ဒာ။ ။ "အနို့… ရွှေရေးဆောင် ဆရာတော်ဘုရားက အာဘော် သွားအကျယ်ကို ဘယ်လိုများ မိန့်တော်မူပါသလဲ။ သဲသဲကွဲကွဲ ပြောပြမှ တောရသူ စန္ဒာတို့မှာ မှန်ရာကို သိရမည် ဖြစ်ကြောင်းပါ ဘုရား"

"အင်း… ကျေးဇူးတော်သခင်၊ အရှင် ရွှေရေးဆောင် ဆရာတော်ဘုရားကဖြင့် များမကြာမီ ဗမာပြည် ကောင်းစားတော့မည်။ သိသိသာသာ အမိမြန်မာ ဖြစ်လိမ့်မည်ကို အနှီလို နိမိတ်ဘတ်တော်မူခဲ့သည် နှင့်အညီ ဤသို့သော မောင်နုတို့ရဲ့ နဂါးနီသတင်း၌ ထည့်သွင်းဖော်ပြလိုက်တဲ့အဆုံးမှာ နိဂုံးတေးတပုဒ် ရေးလုပ်တော်မူသည်ကား၊ အောက်နား၌ ပါရှိလေသတည်း"

**နဂါးနီသတင်းဘွဲ့ ထောမနာ ဩဘာ**
**လေးချိုးကြီး**

အများအပြည်ပြည် ပွက်ခါစတွင်ဖြင့်၊ နဂါးနီထွက်လာပြ တာက၊ ဓမ္မစကြာ သမထတွေနှင့် ထက်စရာ မြန်မာ့ချိန်လျက် မျှော်၊ အိုကွယ် – အထက်အခါ သမယဆီက မက်ခါပြပေတဲ့– ဆရာ့အိပ်မက်တော်။ ။ ဩော် – အထူး အဘိပါကဋပေပ၊ ဦးဝိစာရရယ်လို့၊ မနူးသည့် ဒါယကာ ဒါယိကာမတွေ သေသေချာချာ သိစေဘို့၊ ဒေသစာလှည့်ကာ ဘယ်သို့ဘယ်ညာ ဟော

mgyoe.com

mgyoe.com


တယ်လို့ လောသုံးဆယ် ဥပဒေမျိုးတွေနှင့် ပြောအုံးမယ်၊ ထုချေလို့မှ မကိုးသာဘု၊ အမျိုးဘာသာ ကိုးရာတပါးကိုဖြင့်၊ ဩော်–မရှောင်အပြင်း၊ အချောင်ညှဉ်းရှေ့မပဲ့လို့… နှောင်သွင်းအမြန်ထောင်အကျဉ်းဒဏ်ထားရာက ဘုရားပေးသည့် သကင်္ကန်းဆိုတဲ့ယင်းအဝတ်တော်ကို မဆင်မြန်းနဲ့ အတင်းချွတ်နော်လို့ ခိုင်းတဲ့ပြင် ဂိုဏ်းဂဏ အဝင်အပါ အရှင်သံဃာတို့ရဲ့ အစဉ်အလာ၊ ဥပုသ် ပဝါရဏာမှ မပြုရတာကြောင့်၊ သုဂတ သာသနာဆီမှာခုဘဝ ကြာရှည်တယ်လို့ မကောင်းပြီလို့၊ အလောင်းတော် ခန္တီဝါတို့ စံတညီပမာ အဓိဋ္ဌာန်သုံးသလိုပ၊ လုံးလုံးပင် အစာရှောင်လို့မို့၊ အာဏာသောင် ဝတိန်ကြငှန်းကိုဖြင့် တိမ်ပန်း အလျှံအမွှန်နှင့်၊ စံမလွန် ပြောစရတကြောင်းပေပ၊ နန္ဒဝန်တောရကျောင်းဆီသို့၊ ပြောင်းရွှေ့ စံပျော်တော်မူတယ်နော်ကွယ်။ ၎င်းရသေ့ဟောင်းတယ်လို့လဲ မမေ့နိုင်ဘု၊ အောက်မေ့ပြန်သော။ ။ ဆရာတော်နတ်နန်းအမြင့် ဝတိန်အထက်တွင်ဖြင့်၊ ဒကာမနော် ခပ်ချမ်းချမ်းနှင့် တကြိမ်စက်လိုက်တော့ အိပ်မက်က တကြောင်းဖော်၊ အလောင်းတော်မှာဖြင့် ဒေါင်းလံတံခွန်မကင်း၊ (အိုကွယ်) အဟောင်းတဖန်ပေါ်ပြီးတော့၊ သောင်းမြန်မော်စေဘို့ ကောင်းဟန် အလွန်အမင်း။ ။ အနို့ပြီးတခါ၊ သို့နည်း တဖြာပ၊ ဗမာဆန်ဆန် အဟုတ်အဟတ်ရှင်းပေတဲ့၊ သာလာယံ အုဋ္ဌဇရပ် အတွင်းတွင်ဖြင့်၊ ရုပ်ဒြပ်အဆင်းမှာ တညီညီဟောင်သဖြင့် မသတီယောင်နှင့်ကွဲ့၊ နီတီတီ အကောင် စနေနဂါးဟာက၊ မခွေအားရှာ အသံတမြည်မြည်နှင့်၊ ထွေပြားစွာ မာန်ဖီလို့မို့၊ ဟန် တချီချီ–ပါးပျင်းထောင်ရာကဘဲ ညောင်းရှေ့သလား။ ရုပ်ရှင်မှာ ရုပ်သွင်ပြောင်းသလိုပ၊ ကောင်းခြင်းငါးဖြာ ကလျာကြန်နှင့် ပမာဟန်အမူအယူ

mgyoe.com

mgyoe.com



ချောပုံပြရမှာဖြင့်၊ အညာပုဂံသူ စောလုံဒကာမ တို့ကို၊ လှလှပပ–မကြီးမငယ်။ အရွယ်အလတ်ကယ်လို့၊ တတ်အပ်ထင်ထင်၊ မြင်အိပ်မက်ကိုလ၊ မနက်ထတွင် တကယ်မှ ဟောပမလားလို့ "အလယ်တောရ" ကပြာကရာ ရောက်တဲ့ပြင်၊ ပါမောက္ခ တက္ကသိုလ်ဆရာ စုံသနဲ့ ဓမ္မာရုံမှာ အဖြေပေးနိုင်သဖြင့်၊ ရတနာပုံအညာအပြေပြေက မေးရတဲ့ "ရွှေရေးဆောင်" သာ သနာတံခွန်ကဖြင့်၊ လွှာသဝဏ်–ဗျာညွှန်ဘို့ လျှောက်ပြန်တော့၊ နောက်နောက် မကြာမီပ၊ ဗမာပြည်သာမည် ခေတ်ပင်မို့၊ ဩော်–နိမိတ်အလာကဖြင့်၊ တဆိတ်ကြာခဲ့တဲ့၊ အတိတ်အခါလို၊ စိတ်မှာဖြင့် မညစ်နှင့်တော့ သိသိသာသာ အမိမြန်မာဖြစ်တော့မယ်လို့၊ သနစ် ဟိတ်ဂုဏ်အလိုကို–ဒိဋ္ဌအဆို သဘောတွေနဲ့၊ ဟောခဲ့တာ အခါညီရော့မထင့်၊ ရာဇဌာနီ – ဒဂုန်မြို့ဆီက၊ ကြုံ ဘို့ ကြံရည်ဖန်ရည်နှင့် နဂါးနီဆိုတဲ့ အသင်းမှာတော့၊ နဂနီဆိုတဲ့ သတင်းကိုဖြင့်၊ ထိုထိုတပဲ့အရင်းတွေ ဖြန့်ဝေချိပြန်သမို့၊ မြန့်ပြေကြီးတွက်ကာ မနေသာသဖြင့်၊ စေတနာ ထောင်အထုတွင်မှ၊ အဝေရာရှောင် သမ္မုပေပ၊ (အမယ်မင်း) ထောင်အမှုနဲ့ မကြမကြာ ဆင်းရပေမဲ့ "မောင်နု" နဲ့ ဆရာမကင်းနိုင်သမို့ ဩော်... အောင်ဇေယျတု–အောင်ဇေယျတုဆိုတဲ့ အောင်ဆုဘွဲ့ ပတ္ထနာသီချင်း။

❖

mgyoe.com

mgyoe.com

# ကမ္ဘာစစ်နှင့် ဗမာ

ရေးသူ  သခင်အောင်ဆန်း

ကမ္ဘာစစ်နှင့် ဗမာပြည်အကြောင်း၊ စာကြောင်းရေခြောက်ဆယ်ထက်မများဘဲ ရေးစမ်းပါဟု မိတ်ဆွေတစ်ဦးက ပြောသဖြင့် ရေးလိုက်ရပေသည်။ ရေးချင်တာတွေ များလွန်း၍ တိုတိုတုတ်တုတ်သာ ဖော်ပြနိုင်သည်။

ယခုစစ်ဖြစ်လျှင်ဖြစ်ချင်း စစ်ရည်ရွယ်ချက်များ ထွက်လာ၏။ အင်္ဂလိပ်ကလည်းကောင်း၊ ပြင်သစ်ကလည်းကောင်း၊ ဂျာမနီကလည်းကောင်း၊ သူ့ရည်ရွယ်ချက်များကို အသီးသီး ကမ္ဘာအား ကြေညာကြ၏။ စင်စစ်မှာ ဤသို့ပြုလုပ်ခြင်းတို့သည် ကမ္ဘာရှိ တိုင်းကြီးပြည်ကြီးတို့အား မိမိတို့ဘက်မှ အလေးတင်းလာအောင် ပြောရိုးပြောစဉ်အတိုင်း ပြောခြင်းမျှသာ ဖြစ်လေသည်။ ထို့ကြောင့် စစ်ရည်ရွယ်ချက်များမှအပ စစ်ဖြစ်ခြင်း၏အကြောင်းရင်းကို စဉ်းစားလျှင် လူတစ်ဦးကတစ်ဦး၊ တစ်တန်းစားက တစ်တန်းစား၊ တစ်နိုင်ငံက တစ်နိုင်ငံကို အနိုင်ကျင့်နေသော

mgyoe.com

mgyoe.com



သွေးစုပ်နေသော ဝါဒ (ဝါ) ဓနရှင်ဝါဒ လွှမ်းမိုးသမျှ စစ်ဖြစ်မြဲ ဖြစ်မည်ပင်။

ယခုဖြစ်နေကြသည့် စစ်များကို ဆန်းစစ်လျှင် ဂျပန်က တရုတ်ကို ဂျပန်ဓနရှင်များအတွက် လိုချင်၏။ တရုတ်ပြည်တွင် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ် စသော အနောက်နိုင်ငံ စားဖားကြီးများကို မရှုလို၊ သူတစ်ဦးတည်း ဝါးလို စားလို၏။ ထို့ကြောင့် တရုတ်ကို တိုက်လေ၏။ ဂျာမနီနှင့် အင်္ဂလိပ်-ပြင်သစ်တို့ စစ်မှာလည်း အကြဲတူ ရန်သူဖြစ်ခြင်းပင်ဖြစ်၏။ ဖင်လန်ပြည်တွင်းစစ်မှာ ဓနရှင်နှင့် ဆင်းရဲသားတိုက်ပွဲဖြစ်၏။ ဤကား ယခုတည်ရှိနေသော အမြွတ်အစွန်းကိုသာ ပဓာနထားသည့် ဓနရှင်စနစ်၏ ဖြစ်မြဲအစဉ်သာ ဖြစ်၏။ မထူးဆန်း။

ငါတို့ကား စစ်ဖြစ်ခြင်းကို အလိုမရှိ၊ တစ်ဦးကတစ်ဦး၊ တစ်တန်းစားက တစ်တန်းစား၊ တစ်နိုင်ငံကတစ်နိုင်ငံ စသည်ဖြင့် နိုင်ရာညှဉ်းပန်းခြင်း အမျိုးမျိုးတို့ကို အနည်းငယ်မျှ အလိုမရှိ၊ သို့အလိုမရှိသည့်အလျောက် ငါသို့ နိုင်ငံသူ နိုင်ငံသားများအား ကျွန်လုပ်၍ စိုးမိုးနေသော နယ်ချဲ့စနစ်ကို အလိုမရှိ၊ ဖြိုဖျက်လို၏။ ဖြိုဖျက်မည်ဟု အဓိဋ္ဌာန်ပြုထား၏။ ငါတို့က နယ်ချဲ့စနစ်ကို ဖြိုဖျက်လိုသည်မှာ အကြောင်းမဲ့သက်သက်၊ နိုင်ငံခြားသားများကို မုန်းတီး၍သော်လည်းကောင်း၊ တခြားလူမျိုးများကို မုန်းတီး၍သော်လည်းကောင်း မဟုတ်၊ အဓမ္မမှုဆိုသမျှ မလိုလား၍ဖြစ်၏။ အကျိုးမရှိသော စစ်ဖြစ်ပွားမှုကို မလိုလား၍ဖြစ်၏။ ယခု ကမ္ဘာတစ်လွှားတွင် ဖြစ်သမျှ စစ်အဓမ္မမှုတို့မှာ နယ်ချဲ့စနစ်၏ ပယောဂကြောင့် ဖြစ်ရကား ယခုစစ်နှင့် ပတ်သက်၍ ဗမာပြည်တွင် ပြည်သူပြည်သားတို့၏ လက်ငင်းတာဝန်မှာ ကမ္ဘာတွင် ရှိရှိသမျှသော အားများနှင့် ဝိုင်းဝန်း၍ ဓနရှင်နယ်ချဲ့စနစ်ကို အမြစ်မှနေ၍ သုတ်သင်ရန်သာ ဖြစ်၏။ အခြား ဘာမျှ အကျယ်ချဲ့ နေစရာမလို။

mgyoe.com

mgyoe.com



ယခုစစ်နှင့် ပတ်သက်၍ ဗမာပြည်အပေါ်တွင် ဗမာပြည် နိုင်ငံရေးဂိုဏ်းများ၏ တာဝန်သည် အထူးအရေးကြီးလာ၏။ ဤကိစ္စကို တို့ဗမာအစည်းအရုံးက လေးလေးနက်နက် ဂရုတစိုက် ဆောင်ရွက်ခဲ့၏။ ဗမာ့လွတ်လပ်ရေးအတွက် စည်းလုံးရန် ဗမာ့ထွက်ရပ်ဂိုဏ်းကို ထူထောင်ရာတွင်လည်း တို့ဗမာအစည်းအရုံးက ကိုယ်ထိလက်ရောက် ပါဝင်ခဲ့၏။ မန္တလေးမြို့တွင် မကြာသေးမီက ကျင်းပခဲ့သော တို့ဗမာအစည်းအရုံး ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အစည်းအဝေးက အောက်ပါအတိုင်း ကြေညာထား၏။

**ကမ္ဘာ့အရေးနှင့်ဗမာ့အရေး**

ဗဟိုအမှုဆောင်အဖွဲ့၏ နိုင်ငံရေး အစီရင်ခံစာကို ကြားနာရပြီးနောက် ဤဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့အစည်းအဝေးက ကမ္ဘာနှင့် ဗမာ့အရေးတို့တွင် အောက်ပါအတိုင်း ဆုံးဖြတ်ပါကြောင်း။

**(က) ကမ္ဘာ့အရေး**

(၁) ယခုဖြစ်ပွားနေသော စစ်ပွဲကြီးတွင် ဂျာမနီနာဇီကို ဗြိတိသျှနှင့် ပြင်သစ်အစိုးရတို့က တိုက်ခိုက်ရသည်မှာ နိုင်ငံလေးများကို နိုင်ငံကြီးများက ညှဉ်းဆဲမှု၊ ချုပ်ချယ်မှု၊ ကမ္ဘာ့လွတ်လပ်ရေး ဒီမိုကရေစီဝါဒကို ဖိနှိပ်မှုတို့အတွက် ဖြစ်သည်ဟု အကြောင်းပြ၏။

(က) ပိုလန်ပြည် အစိုးရဟောင်းမှာ လယ်ပိုင်ရှင် ဓနရှင်ဖက်ဆစ် အစိုးရမျိုးသာဖြစ်၍ တိုင်းသူပြည်သား လူအများ၏ ထောက်ခံအားပေးခြင်း မရသဖြင့် ဂျာမနီက လွယ်ကူစွာဖြင့် ပိုလန်ပြည်တစ်ပိုင်းကို သိမ်းနိုင်ခြင်း။ ဆင်းရဲသား ဆိုဗီယက်စစ်တပ်များ ပိုလန်ပြည်တွင်းသို့ ဝင်ရောက်

mgyoe.com

mgyoe.com



လာသည့်အခါ ထို ပိုလန်ပိုင်နယ်များရှိ တောသူတောင်သား လယ်သမားအပေါင်းတို့က သောင်းသောင်းဖျဖျ ကြိုဆိုကြခြင်း။

(ခ) ဗမာပြည်နှင့် အိန္ဒိယပြည်က ဗြိတိသျှအစိုးရတို့အား ၎င်းတို့၏ စစ်ရည်ရွယ်ချက်များနှင့် တစ်ပြေးညီညာ လွတ်လပ်ရေးအတွက် အရေးဆိုလိုက်သည်ကို ကျနစွာ ယခုအထိ မဖြေကြားခြင်း။

(ဂ) ပြင်သစ်ပြည် အစိုးရကလည်း လွတ်လပ်ရေးအတွက် ဒီမိုကရေစီအတွက်ဆိုပြီးလျှင် မိမိပြည်အတွင်းရှိ "ကွန်မြူနစ်ဂိုဏ်းကြီး" ကို မတရားအသင်းအဖြစ် ကြေညာ၍ နှိမ်နင်းနေခြင်း။ ပြင်သစ်ပိုင် လက်အောက်ခံနိုင်ငံများကိုလည်း လွတ်လပ်ရေး မပေးသေးခြင်း။

(ဃ) ဖင်လန်ပြည်တွင် ဖြစ်ပွားသည့်စစ်မှာ ပြည်တွင်းစစ်ဖြစ်နေခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့လွတ်လပ်ရေးတို့အတွက် အမြဲတမ်းအော်ခဲ့၍ အကြိမ်ပေါင်းများစွာ ကိုယ်ထိကိုယ်ရောက် ကူညီခဲ့သော ဆိုဗီယက်တိုင်းပြည်ကြီးမှ စစ်တပ်များက ဖင်လန်ပြည်သူ၏ အစိုးရဘက်မှ တိုက်နေခြင်း။

ဤအချက်များကို ထောက်ထား၍ ယခု စစ်ပွဲကြီးသည် နိုင်ငံကလေးများ၏ လွတ်လပ်ရေး၊ ကမ္ဘာ့လွတ်လပ်ရေးအတွက် မဟုတ်သည့် ပြင် နယ်ချဲ့စနစ်မှ ပေါ်ပေါက်သော စစ်ပွဲမျိုးဖြစ်သည်ဟု ငါတို့ အတိအလင်း ကြေညာကြောင်း။

(၂) ဆိုဗီယက်တိုင်းပြည်ကြီးသည်...

(က) ၁၉၁၇ ခု၊ မိမိအာဏာရသည်နှင့် တစ်ပြိုင်နက် ဖင်လန်

mgyoe.com

mgyoe.com


ပြည်အပါအဝင် မိမိလက်အောက်ခံ တိုင်းပြည်အားလုံး အား လွတ်လပ်ရေးပေးခြင်း။

(ခ) ကမ္ဘာ့လွတ်လပ်ရေးအတွက် တရုတ်ပြည်၊ စပိန်ပြည် စသော ပြည်များတွင် ကိုယ်ထိလက်ရောက် ကူညီခဲ့ဖူး ခြင်း၊ ကူညီနေခြင်း။

(ဂ) ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဟစ်တလာနာဇီဝါဒကို တွန်း လှန်ရန် ဗြိတိသျှ၊ ပြင်သစ်အစိုးရနှင့် ငါးလ –ခြောက်လ တိုင်တိုင် ဧစပ်ခဲ့ရာ အချည်းအနှီးဖြစ်သည်ကို တွေ့မှသာ ယခင်ကမ္ဘာစစ်ကြီး ပြီးသည်မှ စ၍ (၁၉၃၄ ခု) အထိ ရန်မဖက်စတမ်း စာချုပ် ချုပ်ဆိုခဲ့သော ဂျာမန် အစိုးရနှင့် မိမိလက်ရှိ အင်အားကို မပျက်စေရန်အလို့ငှာ၊ ရန်မဖက် တမ်း ထပ်မံချုပ်ဆိုလိုက်ခြင်း။

(ဃ) အနီးအနားရှိ တိုင်းပြည်ငယ်များနှင့်လည်း သင့်တင့်မျှတ အောင် စာချုပ်များ ချုပ်ဆိုခြင်း။

(င) ပိုလန်အစိုးရပစ်ပြေး၍ မိမိ ဝင်ရောက်ထိန်းသိမ်းရသော နယ်များတွင် လယ်သမားများ၏ လွတ်လပ်ရေးအတွက် ချက်ချင်းဆောင်ရွက်လိုက်ခြင်း။

(စ) ဖင်လန်ပြည်၏လွတ်လပ်ရေးကို မထိခိုက်ဟု ဖင်လန် ပြည်သူပြည်သား အစိုးရနှင့် တစ်ဦးကိုတစ်ဦး ကူညီ စတမ်း စာချုပ် ချုပ်ဆိုလိုက်ခြင်း။

စသည်တို့ကို ထောက်ထား၍ ဆိုဗီယက် တိုင်းပြည်ကြီးသည် ဤစစ်ပွဲကြီးတွင်မက ယခင်စစ်ပွဲကြီးတွေပါ ကမ္ဘာ့ လွတ်လပ်ရေးသမား များ၊ ဆင်းရဲသားများ၏ မိုးရှုးတန်ဆောင်ဖြစ်သည်ဟု အသိအမှတ် ပြုကြောင်း။

mgyoe.com

mgyoe.com



(၃) ကမ္ဘာ့အရေးနှင့် ဗမာ့အရေးများမှာ အမြဲယှဉ်တွဲ ဆက်စပ်နေသဖြင့် ငါတို့၏ ကမ္ဘာ့အရေး သဘောထားဝါဒကား...

(က) တိုင်းပြည်များ၏ လွတ်လပ်ရေးကို တကယ့် ဖိနှိပ်ချုပ်ချယ် သွေးစုပ်သော မည်သည့်ဝါဒကိုမဆို အလိုမရှိ။

(ခ) ငါတို့တိုင်းပြည် မလွတ်လပ်သမျှ ကာလပတ်လုံး အခြားတိုင်းပြည်အတွက် စစ်ကူညီခြင်းကိစ္စကို မစဉ်းစားနိုင်။

(ဂ) မည်သည့်နိုင်ငံခြားတိုင်းပြည်နှင့်မဆို... အထူးသဖြင့် ငါတို့အိမ်နီးနားချင်း တိုင်းပြည်များ အရှေ့ဘက်တိုင်းပြည်များနှင့် နှစ်ဦးနှစ်ဝ အကျိုးအတွက် အပြန်အလှန် ပေါင်းသင်းဆက်ဆံရသမျှတွင် ပေါင်းသင်းဆက်ဆံရမည်။

(ဃ) စစ်တစ်ခါဖြစ်လျှင် လူပေါင်းများစွာ သေခြင်း၊ ကျွန်ဖြစ်ခြင်း၊ ဆင်းရဲသားတို့မှာ ပိုမိုအခွန်ပေးရသဖြင့်လည်းကောင်း၊ အမြတ်အစွန်းရှာသူများ၏ ပယောဂကြောင့်လည်းကောင်း၊ ဆင်းရဲမွဲတေ ပါးရှားလာရခြင်း စသည်တို့သာ ဖြစ်သောကြောင့် နယ်ချဲ့စနစ်မှ ပေါ်ပေါက်သော ယခုစစ်ပွဲကြီးကို အမြန်ဆုံးပြီးဆုံးစေ၍ ကမ္ဘာရှိ ကျွန်နိုင်ငံများနှင့် ဆင်းရဲသားများမှန်သမျှ၏ လွတ်လပ်ရေးအတွက် အပြင်းအထန် ကြိုးပမ်းရမည်။

**(ခ) ဗမာ့အရေး**

(၁) အထက်ပါအတိုင်း ကမ္ဘာ့အရေးတွင် သဘောထားပုံကို သိရှိစေပြီးနောက် ဗမာ့အရေးတွင် အောက်ပါအတိုင်း ငါတို့သဘောထားကို ကြေညာကြောင်း။

(က) ဗမာပြည်အား ကျွန်အဖြစ် ချုပ်ချယ်ထားသည့် နိုင်ငံ

mgyoe.com

mgyoe.com



ချဲ့စနစ်ပြိုပျက်မှုကို အားထုတ်ရမည်။ ထိုနယ်ချဲ့စနစ်၏ ခံတပ်ကြီးဖြစ်သော "၉၁" ဌာန အုပ်ချုပ်ရေးကို တိုက်ဖျက်၍ ဗမာများအလိုကျ ဗမာ့အုပ်ချုပ်ရေးကို အမြန်ဆုံးရရှိရန် ကြိုးစားရမည်။

(ခ) အထက်ပါအချက်ကို သဘောတူ၍ အလုပ်လုပ်သော ငါတို့မှအပ မည်သည့်နိုင်ငံရေးဂိုဏ်း မည်သည့် အခြားအဖွဲ့ အသင်းအပင်းမျိုးနှင့်မဆို လမ်းအတူတူ အလုပ်အတူတူလုပ်ရန် အသင့်ရှိသည့်အပြင် ဤကဲ့သို့ တိုင်းပြည်နိုင်ငံရေး ညီညွတ်မှုအတွက် ကြိုးစားရမည်။

(၂) ဤသဘောထားအတိုင်း လွန်ခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာအမှုဆောင်အဖွဲ့ အထူးအစည်းအဝေးက ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ အာဏာလွှဲအပ်ခဲ့ကြောင်း။ လွှဲအပ်ခဲ့သည့်အတိုင်း ဆင်းရဲသား ဝံသာနုအဖွဲ့၊ ငါးပွင့်ဆိုင် ဝံသာနုအဖွဲ့နှင့် ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ထောင်ထား၍ ကြေညာသော ဝါဒအခြေခံ ၃ ချက်ကို ငါတို့က ထပ်မံအတည်ပြု ထောက်ခံကြောင်း၊ ဗမာ့ထွက်ရပ်ဂိုဏ်း၏ လုပ်ငန်းမှာ တိုင်းပြည်၏ အကူအညီကို ရသင့်သလောက်ရသည်ကို ထောက်ထားခြင်းအားဖြင့် တစ်တိုင်းတစ်ပြည်လုံးတွင် ကိုယ့်မင်းကိုယ့်ချင်း ဆန္ဒအများအပြားရှိ၍ ညီညွတ်လိုကြောင်း ထင်ရှားပေသည်။

**ဗမာ့ထွက်ရပ်ဂိုဏ်း၏လုပ်ငန်းအင်အား**
**တောင့်တင်းရန်ရည်ရွယ်၍**

(က) တိုင်းသူပြည်သားများ၏ ပိုမိုနိုးကြားမှု၊ လွတ်လပ်ရေး စိတ်ထက်သန်မှုတို့အတွက် အပြင်းအထန် အားထုတ်ရန် လို

mgyoe.com

mgyoe.com


သည်။

(ခ) ထိုတိုင်းသူပြည်သား အများအား နေ့စဉ် တာဝန်ခံညွှန်ကြား ဆောင်ရွက်မည့် ခေါင်းဆောင်များ ပေါ်ပေါက်လာရန် လိုသည်။

(ဂ) တိုင်းပြည်လွတ်လပ်ရေးအတွက် အချိန်အလိုက် ဆောင်ရွက်နိုင်စေမည့် ငွေကြေးတောင့်တင်းမှုကို ရရှိလိုလေသည်။

ထိုကြောင့် တို့ဗမာအစည်းအရုံး၏ အစည်းအရုံးဝင်များ များပြားလာအောင် ဆောင်ရွက်ခြင်း၊ ဗမာ့ လက်ရုံးတပ်များ တည်ထောင်၍ လေ့ကျင့်ခြင်း၊ နိုင်ငံရေးပညာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ ငွေကြေးစုဆောင်းခြင်း၊ နိုင်ငံခြားတွင် ဝါဒဖြန့်ခြင်းတို့ကို ကျေနပ်လောက်အောင် ဆောင်ရွက်ခြင်းဖြင့် ဗမာ့ထွက်ရပ်ဂိုဏ်း၏ လုပ်ငန်းများကို တွင်ကျယ်စွာ ဆက်လက်လုပ်ကိုင်ရန် ဤဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အစည်းအဝေးက ဆုံးဖြတ်ကြောင်း။

ယခုအခြေအနေမှာ ဗမာပြည်၏လွတ်လပ်ရေးကိစ္စသည် အပြောအရေး စခန်းမှ အလုပ်စခန်းသို့ ရောက်လာပေပြီ။ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ၊ ပယောဂ ထုတ်ရုံနှင့်လည်း မရ၊ ဒေသအားဖြင့်လည်းကောင်း၊ ကာလအားဖြင့်လည်းကောင်း၊ သင့်မြတ်မှလည်း အောင်မြင်နိုင်မည်။ လူပယောဂလည်း ပါရမည်။ ဒေသအားဖြင့်လည်း သင့်မြတ်ရမည်၊ အချိန်အားဖြင့်လည်း ကောင်းရမည်၊ ဤကား ကမ္ဘာရှိ ပယောဂစိတ်၊ စစ်ဗိုလ်မှူးမှန်သမျှ လိုက်နာရမည့် တရားနည်းလမ်းများ ဖြစ်၏။ ယခုအခါ ဗမာပြည်၏ လွတ်လပ်ရေးလုပ်ငန်းမှာ ဒုတိယနှင့် တတိယအချက်အားဖြင့် ပြည့်စုံပြီး အကျယ်ချဲ့စရာမလို၊ လူ့ပယောဂ တစ်ခုတည်းသာ လို၏။ ဘယ်လိုလိုသနည်း။

mgyoe.com

mgyoe.com


(၁) ဗမာပြည်က လွတ်လပ်ရေးလိုကြောင်း၊ သို့အတွက် အရေးဆိုပြီ ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ ဝါဒ ဖြန့်ရမည်။ စည်းရုံးရမည်။

(၂) ဝါဒဖြန့်စဉ် တိုင်းပြည်လွတ်လပ်ရေးအတွက် လိုအပ်သော နိုင်ငံရေးညီညွတ်မှုကို ရရှိရန်ကြိုးစားရမည်။ "နိုင်ငံရေးညီညွတ်မှု ဆိုသည်မှာ ခေါင်းဆောင်ဆိုသူများ ညီညွတ်ရေးဟု အတပ်မဆိုသာ ယခုလာမည့် နိုင်ငံချဲ့စနစ် တိုက်ဖျက်မည့် အရေးတော်ပုံအတွက် ဓာတ်စာကျသော အလုပ်သမား ကျောင်းသား၊ အမျိုးသမီး၊ ကုန်သည်၊ စာရေးစာချီ၊ လယ်လုပ် လယ်သီးစား၊ လယ်ကူလီများ၊ ရှမ်း–ချင်း–ကချင်–ကရင်–ချင်းတောင်များ၊ နယ်များရှိ ဆင်းရဲသားလူထုများအားလုံး ညီညွတ်မှု၊ သွေးစည်းမှုကို ဆိုသည်။ ယခုအခါ တို့ဗမာအစည်းအရုံးတွင် ရှေ့နေရှေ့ရပ်၊ ကုန်သည်၊ ပွဲစားများ၊ ဆရာဝန်စသော အလယ်တန်းစားများ၊ ပညာတတ်များတို့မှတစ်ပါး အခြားလူထုကြီးများ၏ သွေးစည်းညီညွတ်မှုကို အထိုက်အလျောက် ရရှိထားလေပြီ။ ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ဆောက်ရခြင်းမှာ အထက်တွင် ဖော်ပြခဲ့သော မပါရှိသေးသူများကို လွတ်လပ်ရေးတိုက်ပွဲတွင် သိမ်းသွင်းနိုင်ရန်အလို့ငှာ ဖြစ်ပေသည်။

(၃) ဝါဒဖြန့်ရင်း နိုင်ငံညီညွတ်ရေးရရှိမှု ကြိုးစားရင်း မြို့ရွာဒေသအလျောက် လည်းကောင်း၊ လယ်သမား "ဗမာပြည်တွင် အရေးအကြီးဆုံး အရေးဖြစ်သည်" အလုပ်သမားစသည့် အမျိုးအစားအလျောက် လည်းကောင်း၊ ပေါ်ပေါက်နေသော လက်ငင်းကိစ္စကလေးများမှ ဆူပူလှုံ့ဆော်၍ တိုင်းပြည်ရှိ လူထုအင်အားများကို လွတ်လပ်ရေးတိုက်ပွဲအတွက် စစ်အင်ကျင်း၍ အပြင်း စစ်ပြင် ရပေမည်။

(၄) လုံလောက်အပ်သော အင်အားကို ပြင်ဆင်စုဆောင်းပြီးနောက်၊ လွတ်လပ်ရေးတိုက်ပွဲကို ကမ္ဘာ့တိုက်ပွဲ တိုက်နည်း အမျိုးမျိုးမှ နမူနာယူ၍ ဗမာပြည်နှင့် အသင့်တော်ဆုံးဟုထင်သော နည်းအရ

mgyoe.com

mgyoe.com


အဆင့်ဆင့် ခင်းကျင်းရပေမည်။

ဤသို့သာ အစဉ်တစိုက် သဲသဲမဲမဲလုပ်ငန်းများချ၍ ဆောင်ရွက်ပါက ဗမာပြည်သည် လွတ်လပ်သော တိုင်းပြည်အဖြစ်သို့ ရောက်သော်လည်း ရောက်မည်။ မရောက်သည့်တိုင်အောင် ဗမာများ ညံ့လွန်းလှလျှင် အကြီးအကျယ် နိုင်ငံရေး အဆင့်အတန်း တိုးတက်ရန် အကြောင်းရှိသည်။ ဗမာပြည်တွင် အုပ်ချုပ်ရေး အဆင့်အတန်း တိုင်းသူပြည်သားများ၏ နိုင်ငံအဆင့်အတန်း၊ ခေါင်းဆောင်မှု၏ အဆင့်အတန်းမှာ အထူးမြင့်လာပေမည်။ တိုးခဲ့သောပွဲမှ သင်ခန်းစာအမျိုးမျိုး ရပေမည်။ ထိုအခါ နောက်ထပ် လွတ်လပ်ရေး တိုက်ပွဲအတွက် မခဲယဉ်းတော့ပြီ။

**လုပ်ရမည့်လုပ်ငန်းများမှာ အထူးသဖြင့်**

(၁) ကျောင်းသားလူငယ်များ၏ အကူအညီဖြင့် တိုင်းပြည်အနှံ့ လွတ်လပ်ရေးတရား၊ လက်နက်ဥပဒေ ပယ်ဖျက်ရေးတရား၊ ကမ္ဘာ့ အဖြစ်အပျက်အမှန်များတို့ကို အဓိကထား၍ ဝါဒဖြန့်ခြင်း၊ ဗမာ့လက်ရုံးတပ်စသော အပျော်တမ်းတပ်များ ထောင်ခြင်း တို့ဗမာအစည်းအရုံး အသင်းသား စုဆောင်းခြင်း တရုတ်ပြည်၊ အိန္ဒိယပြည်၊ ဘိလပ်စသော တိုင်းနိုင်ငံများအား လူကိုယ်တိုင်သော်လည်းကောင်း၊ စာအားဖြင့်သော်လည်းကောင်း၊ ဝါဒဖြန့်ခြင်း၊ ဗမာပြည်အကြောင်း စာအုပ်စာတမ်း ရိုက်ဝေခြင်း၊ တစ်တိုင်း တစ်နိုင်ငံလုံး၏ အင်အားကို ယူသောအားဖြင့် ပြည်လုံးကျွတ် နိုင်ငံရေး အစည်းအဝေးကြီးကျင်းပခြင်း၊ အမျိုးသားသတင်း...စသည်များ ပြုလုပ်ခြင်း၊ ဧပြီလ ၁ ရက် အုပ်ချုပ်ရေး ကန့်ကွက်ပွဲနေ့တွင်လည်းကောင်း၊ အမျိုးသားသတင်းအတွင်း လည်းကောင်း၊ နယ်ချဲ့စနစ်လက်အောက်မှ လွတ်လပ်ရေးအတွက် ပြည်သူ့ဆန္ဒများ ကောက်ယူခြင်း။

(၂) ယခုအခါ နိုင်ငံရေးလုပ်ငန်းမှာ ရေးကအချိန်မျိုး မဟုတ်

mgyoe.com

mgyoe.com


သဖြင့် ဗမာမှန်သမျှ ဗမာပြည်သူပြည်သား မှန်သမျှအား နှိုးဆော်တိုက်တွန်းခြင်း၊ တိုင်းစိတ်ပြည်စိတ်ကို မွေးစေခြင်း။ ဂိုဏ်းစိတ် ဂဏစိတ်များကို မိမိတို့က ခေါင်းဆောင်၍ ဖျောက်ဖျက်ခြင်း၊ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားသွေးစည်းမှုများ၊ ရှမ်း–ကရင်–ကချင်–ချင်း အစရှိသည်တို့နှင့် တစ်သွေးတစ်စိတ်တည်း ရှိမှုတို့အတွက် ကြိုးစားခြင်း၊ တိုင်းရင်းသားများ အောက်တန်းစားများ၊ အစိုးရအရာရှိ အမှုထမ်းများ အားလုံးအား လွတ်လပ်ရေးသည် ၎င်းတို့အတွက်ပါ ဖြစ်သည်ဟု သိစေခြင်း။

(၃) အထက်ပါလုပ်ငန်းများနှင့် ပြိုင်တူပေါ်ပေါက်လာသော အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ ဈေးသူဈေးသား အခွန်ထမ်း အစရှိသော ကိစ္စများနှင့် ပတ်သက်၍ အရေးတော်ပုံကလေးများကို အမှီပြု၍ လွတ်လပ်ရေးအကြောင်း အုပ်ချုပ်ရေးအကြောင်း၊ စစ်အကြောင်း လက်နက်ဥပဒေဖျက်ရန်အကြောင်း အမြဲဝါဒဖြန့်ခြင်း၊ ထိုအရေးတော်ပုံကလေးများသည် လာမည့်အရေးတော်ပုံကြီး၏ ရှေ့ရေးမျှသာဖြစ်ကြောင်း၊ တိုင်းသူပြည်သားများ၏ ဆိုင်ရာစီးပွားရေး၊ လူမှုဆက်ဆံရေး၊ နိုင်ငံရေးတောင်းဆိုချက် အရပ်ရပ်မှာ လွတ်လပ်ရေးအပေါ် တည်ကြောင်းကို တိုင်းပြည်အားသိစေခြင်း။ အသင်းသားများစုဆောင်းခြင်း၊ ဗမာ့လက်ရုံးတပ်များ ထောင်ခြင်း၊ လွတ်လပ်ရေး ရန်ပုံငွေ စုဆောင်းခြင်း။

(၄) လာမည့် တို့ဗမာအစည်းအရုံး ညီလာခံတွင် လွတ်လပ်ရေးတိုက်ပွဲနှင့် ပတ်သက်၍ တို့ဗမာအစည်းအရုံး လုပ်ငန်းအရပ်ရပ်များကို လိုလေသေးမရှိ ပြင်ဆင်ထားခြင်း။

ဥပမာ... ယခုနယ်ချဲ့စနစ်တိုက်ပွဲ အရေးတော်ပုံအတွက် ခေတ်ရှိသေးသော လူထုအင်အား အမျိုးမျိုးအစားစားအတွက် လူမျိုးအလိုက် အတန်းစားအလိုက် တစ်ဦးနှင့်တစ်ဦး မဆန့်ကျင်သော... အထူးသဖြင့်

mgyoe.com

mgyoe.com


အောက်တန်းစား အလုပ်သမား၊ လယ်သမားတို့ အကျိုးနှင့် မဆန့်ကျင်သော လိုလားချက်မှန်သမျှ ပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ်တစ်ခု တီထွင်ခြင်း၊ လာမည့်အရေးတော်ပုံတွင် ခေါင်းဆောင်နိုင်မည့် ဗိုလ် အမြောက်အမြား စုဆောင်းသင်ကြား၍ စနစ်တစ်ခု တီထွင်ခြင်း၊ လွတ်လပ်ရေး ရန်ပုံငွေ ကောက်ခံရန် နည်းလမ်းစည်းကမ်းများ တီထွင်ခြင်းတို့ ဖြစ်လေသည်။

လွတ်လပ်ရေးမှာ လွှတ်တော်အတွင်းတွင် အဆိုသွင်းရုံနှင့် မရ၊ လွှတ်တော်အဆိုမှာ ဝါဒဖြန့်ရုံလောက်သာ ရှိသည်။ အလုပ် လုပ်ရပေမည်။ လုပ်မှရမည်။ အိပ်နေ၍ မရ၊ တစ်ဦးတည်း ဗိုလ်၊ တစ်ဦးတည်း နောက်လိုက်လုပ်၍ မရ။ မဲဝယ်နေ၍ မရ၊ ရာထူးလိုက်နေ၍မရ၊ အော်ရုံဖြင့် မရ၊ အနစ်နာခံ၊ အဆင်းရဲခံ၊ အပင်ပန်းခံ၊ အစတေးခံကြမှ ရမည်။ သို့ဆောင်ရွက်လျှင် ငါတို့သည် အောင်ပန်းကို မချွတ်လက်လှမ်းနိုင်မည်။ နယ်ချဲ့စနစ် ဓနရှင်စနစ် ဖြစ်တုံပျက်တုံတည်းဟူသော လောကဓံတရားမှမလွတ်၊ ဓနရှင်စနစ်သည် ပထမ မိမိအတွက် အစေအခိုင်းများလို၍ ခေတ်ပညာတတ်များရှိလာအောင် စီမံရ၏။ သို့သော် ထိုအလုပ်သမားနှင့် ပညာတတ်များသည် အဆင့်အတန်းမြင့်လာသော်၊ ၎င်းတို့ဖန်တီးခဲ့သော နယ်ချဲ့စနစ်ကို ပြန်၍ တော်လှန်ကြပေ၏။ မိမိတို့ကုန်များတင်ချနိုင်အောင် မီးရထား မော်တော်ကားလမ်း အချို့တို့ကို နယ်ချဲ့စနစ်က ငါတို့ပြည်များတွင် ဖောက်လုပ်ပေးရ၏။ ထိုလမ်းများပင် ငါတို့အချင်းချင်း ရင်းနှီးသွေးစည်းစေကြောင်း ဖြစ်ခဲ့၏။ ဤသို့လျှင် ဓနရှင်နယ်ချဲ့စနစ်မှာ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်၊ တစ်ဖက်က အကောင်းလုပ်ပေး၊ တစ်ဖက်က စီးပွားရေးလက်ဝါးကြီးအုပ်မှုအတွက် နှိမ်၊ တစ်ဖက်က ချော့၊ တစ်ဖက်က ခြောက်၊ ရှေ့နောက်မညီ အစီအစဉ်မတည့်သဖြင့် တိုင်းပြည်တွင် ဆူပွက်သည်မှာ အံ့သြစရာမရှိ၊ လူတို့၏ဝတ္တရား

mgyoe.com

mgyoe.com


ကား ဤမြနေရှင်နယ်ချဲ့စနစ် အကြောင်းအကျိုးတရားများကို လေ့လာပြီးလျှင် အချိန်ကျလျှင် အသင့်ဖြစ်စေရန် စီမံထားရန်ပင်ဖြစ်သည်။

လွတ်လပ်ရေးတိုက်ပွဲအတွက် ပြင်ဆင်ရာ၌၊ လူမျိုးအချင်းချင်း၊ လူတန်းစားအချင်းချင်း မကွဲသင့်သည့်အချိန်တွင် မကွဲထိုက်သူများနှင့် မကွဲ ကွဲအောင် လုပ်တတ်သော နယ်ချဲ့စနစ်၏ ပရိယာယ်ကို သတိပြု၊ ရှေ့လောကြီးခြင်း၊ စစ်မရောက်မီ မြားကုန်ခြင်း၊ စစ်မဖြစ်ခင်က အရှုံးပေးလိုခြင်း စသော အပြုအမူများကို ရှောင်၊ ငါတို့၏အောင်ပွဲကား အသေအချာပင်။ ငါတို့၌ အချိန်ကောင်းများစွာ ရှိသေး၏။ ဤကဲ့သို့ အချိန်ကောင်း အခြေကောင်းတွင် ငါတို့၏လွတ်လပ်ရေးအတွက် အပြင်းအထန် အားထုတ်ကြပါစို့ ရဲဘော်တို့။

အရေးတော်ပုံ အောင်ပါစေ။

❖

mgyoe.com

mgyoe.com

# ကျွန်တော်ဘုံသမား

ရေးသူ မောင်နု

ဧပြီလအတွင်းက ကျွန်တော်နှင့် မိတ်ဆွေ ကိုလှဖေတို့သည် ဂျူဗလီဟော၌ ကျင်းပလျက်ရှိသော မင်္ဂလာပွဲထိုင်တစ်ခုကို သွားရန် အသင့်ပြင်လျက် ရှိလေသည်။ မင်္ဂလာပွဲထိုင်သို့ ပရိသတ်များကို နံနက် ၁၀ နာရီမှ နေ့လယ်တစ်ချက်တီးအချိန်ထိ ဖိတ်ထားသော်လည်း ထိုနေ့က ၁၁ နာရီခွဲအထိ အလုပ်များသည် တစ်ခုပြီးတစ်ခု ကျလျက်ရှိလေသည်။

အိုင်ဆေး ကိုနု... ဂျူဗလီကို သွားဦးမလား၊ သွားရင်... အဝတ်လဲတော့ဗျာ၊ မသွားရင်လည်း ဖျက်လိုက်တော့ဟု ပွဲထိုင်သို့ ကျွန်တော်တို့နှင့် အတူတူသွားရန် နံနက် ၉ နာရီခွဲလောက်က အစပြု၍ ကျွန်တော်၏အိမ်၌ လာရောက်စောင့်နေရသော မိတ်ဆွေကိုလှဖေက စိတ်တိုလာသည့်လေနှင့် ခပ်ဆတ်ဆတ် မေးလိုက်လေ၏။

mgyoe.com

mgyoe.com


ထိုအခါ ကျွန်တော်လည်း စကားပြောရန် လာနေကြသော ညှော့သည်များကို တောင်းပန်ပြီးလျှင် ရေမိုးချိုး အဝတ်အစားလဲရန် ထလေ၏။ ၎င်းနောက် ဂျူဗလီဟောပွဲထိုင်သို့ လန်ချားစီး၍ သွားရန်လည်း မတင့်တယ်၊ လန်ချားမှ လွဲ၍ အခြားစီးစရာ ကိုယ်ပိုင်မော်တော်ကားကလည်း မရှိ၊ ခြေကျင်လျှောက်၍ သွားရမှာကလည်း ခရီးကဝေးသည့်အပြင် ဂုဏ်ငယ်မှာစိုးလျက်ရှိသောကြောင့် ကိုယ်ပိုင်မော်တော်ကားနှင့် မခြားသော ပရိုက်ဗိတ်တက္ကစီခေါ် လိုင်စင်မရှိဘဲ အငှားလိုက်နေသော မော်တော်ကားတစ်စီးကို သွား၍ငှားရန် အိမ်သူငယ် ကလေးတစ်ယောက်ကို လွှတ်လိုက်လေ၏။

၁၂ နာရီထိုးရန် ၁၀ မိနစ်လောက်အလိုတွင် ကျွန်တော်လည်း အဝတ်အစားလဲပြီး ပွဲထိုင်သို့ သွားရန် အသင့်ဖြစ်လေ၏။ ထိုအချိန်အထိ နံနက်စာမစားရသေး၊ အလုပ်များနေစဉ်က ဆာရမှန်းမသိသော်လည်း မော်တော်ကားကို စောင့်နေစဉ် ထမင်း အလွန်ဆာလာလေ၏။ သို့ရာတွင် ပွဲထိုင်သို့သွားရန် နောက်ကျနေမည်စိုးသောကြောင့် ထမင်းမစားဝံ့ဘဲ ကော်ဖီတစ်ခွက်နှင့်သာ တင်းတိမ်နေရလျက် ရှိလေ၏။

"အိုင်ဆေး ကိုနု... ကနေ့ဟာ ကျွန်တော့်မှာ သိပ်အရေးကြီးတဲ့နေ့ဗျာ၊ ကြည်တို့ လာလိမ့်မယ်။"

"အို–ခင်ဗျား... ဒါကို ဘာလို့ အစက မပြောသလဲ၊ ကိုယ့်လူကလည်း 'ခိုးချင်တာကလည်း လွန်လို့ လက်နှေးတာကလည်း လွန်လို့' ဆိုတဲ့ စကားပုံလို ကျနေပြီ"

အချိန်ကား ၁၂ နာရီနှင့် ၁၅ မိနစ်ရှိလေပြီ။ အငှားခိုင်းလိုက်သော မော်တော်ကား၏ အရိပ်နိမိတ်ကိုမျှ မမြင်ရသေးချေ။ ကိုလှဖေမှာကား နာရီကိုကြည့်လိုက်၊ ပါးစပ်က မကြားတကြား တိုးတိုးပြောလိုက်၊ စုတ်ထိုးလိုက်၊ မော်တော်ကားကို မော်ကြည့်လိုက်နှင့် ဖင်တကြွကြွဖြစ်လျက်

mgyoe.com

mgyoe.com


နေလေ၏။

"အိုင်ဆေး... လမ်းမှာတွေ့တဲ့ ကားတစ်စင်းကို ဆွဲပြီး စီးရအောင်ဗျာ၊ အချိန်မရတော့ဘူး။ ၁၂ နာရီတောင် ခွဲတော့မယ်"ဟု နာရီကိုကြည့်ရင်း ပြောစဉ် ငှားလာသော မော်တော်ကားလည်း အိမ်ရှေ့သို့လာ၍ ဆိုက်လေ၏။ ကိုလှဖေက ရှေ့ကသွား၍ မော်တော်ကားထဲသို့ဝင်လေ၏။ ကျွန်တော်လည်း နောက်မှ ထက်ကြပ်မကွာ ဝင်လိုက်မည်ဟု မော်တော်ကား ခြေနင်းခုံပေါ်သို့ ခြေတစ်လှမ်း၊ လှမ်းတက်ပြီး ခေါင်းအငုံ့လိုက်တွင်... ဘယ်ကိုလဲ ကိုနုဟူသော အသံနှင့်ပြိုင်တူ တစ်စုံတစ်ယောက်သောသူ၏ လက်သည် ကျွန်တော်၏ကုန်းလျက်ရှိသော ကျောပေါ်သို့ တင်လိုက်သည်ကို သိရ၏။ ထို့ကြောင့် မော်တော်ကားထဲသို့ဝင်တော့မည့်ဆဲဆဲ ကိုယ်ကို မဝင်စေသေးဘဲ အသာရပ်ထားပြီး ကျွန်တော်၏ ကျောပေါ်သို့ တင်ထားသောလက်နှင့် ဘယ်လဲ ကိုနုဟု မေးလိုက်သော အသံ၏ပိုင်ရှင်ကို လှည့်ကြည့်လိုက်မိလေ၏။

သူ၏အရပ်မှာ ၆ ပေကျော်ကျော်လောက် ရှိမည်ဟု ခန့်မှန်းရ၏။ သူ၏မျက်နှာကို မြင်ဖူးသလိုရှိသော်လည်း ဘယ်သူဘယ်ဝါဟု ကောင်းစွာ မမှတ်မိသောကြောင့် ဘယ်သူပါလိမ့်ဟု စဉ်းစားနေသော မျက်နှာဖြင့် ခေတ္တကြည့်လိုက်ပြီး အသေအချာ စုံစမ်းရန် မော်တော်ကား ခြေနင်းခုံပေါ်သို့ တင်ထားသော ခြေလှမ်းကို ရုပ်သိမ်း၍ သူ၏အနီးတွင် ရပ်လိုက်လေ၏။

"ကိုနု... ကျွန်တော့်ကို ကောင်းကောင်း မမှတ်မိတော့ဘူး ထင်တယ်"

အတန်ကြာမှ သတိရပြီး "ဟာ... ခင်ဗျား... ကိုစိန်မဟုတ်လား။ ခင်ဗျား... ဘာဖြစ်နေသလဲ၊ တကတဲ မြုပ်ချက်သား ကောင်းလိုက်တာ၊ အိုင်ဆေး မတွေ့ကြရတာ ၁၀ နှစ်လောက်ရှိပြီ ထင်တယ်။ ကဲ–ကဲ

mgyoe.com

mgyoe.com



ဟောတာ... ကျွန်တော့်အိမ်ပဲ မှတ်ထားဗျာ၊ နက်ဖြန်လာဦးလေ၊ (မော်တော်ကားထဲမှ ကိုလှဖေကို လက်ညှိုးနှင့် ထိုးပြ၍) ဟောဒီမိတ်ဆွေနှင့် ချိန်းထားတဲ့ ကိစ္စကလေးတစ်ခု ရှိနေလို့ သွားလိုက်ဦးမယ် သွားလိုက်ဦးမယ်နော်" ဟု ပြောပြောဆိုဆိုနှင့် မော်တော်ကားထဲသို့ ဝင်လေ၏။ ကိုစိန်လည်း ကျွန်တော်၏နောက်မှ ထက်ကြပ်မကွာ လိုက်လာပြီး မော်တော်ကားတံခါးကို ပိတ်လိုက်လေ၏။ ကျွန်တော်က အံ့အားသင့်၍ ကြည့်နေစဉ်...

"ခင်ဗျားတို့ကိစ္စကို နောက်တော့သွားတာပေါ့၊ ခု ကျွန်တော့်အိမ်ကို လိုက်ခဲ့ပါဦး၊ ကိုင်း... ဆရာ ကုက္ကိုင်း ဝွတ္တလစ်လမ်းကို မောင်းစမ်းပါ" ဟု ဒရိုင်ဘာကို အမိန့်ပေးလေ၏။

"အိုင်ဆေး... ဒီမှာ... ဟို"

"ဟုတ်တယ်လေ၊ နောက်တော့ သွားတာပေါ့၊ ခု ကျွန်တော့်အိမ်ကို လိုက်ခဲ့ပါဦး။ ဝွတ္တလစ်လမ်းကို မောင်းဗျာ..." ဟူ၍ ထပ်ပြီးအမိန့်ပေးပြန်သောကြောင့် ဤမျှကြာအောင် ကွဲနေသော သူငယ်ချင်းတစ်ဦး၏ ဆန္ဒကို ငြင်းပယ်ရန် အကျပ်အတည်းနှင့် တွေ့ကြုံရလျက်ရှိလေ၏။ မော်တော်ကားသမားလည်း ဝွတ္တလစ်လမ်းဘက်ဆီသို့ မောင်းစပြုလေ၏။

ကျွန်တော်လည်း ဘာကိစ္စလာ၍ ခေါ်ပါသနည်းဟု စဉ်းစားရကျပ်လျက် ရှိသောကြောင့် ရှေ့တည့်တည့်သို့ စိုက်၍ ကြည့်နေလေ၏။ ကိုလှဖေမှာမူကား အလွန်စိတ်ပျက်သော အမူအရာဖြင့် မော်တော်ကား၏ ပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်နေလေ၏။ အတန်ကလေးကြာမှ ကိုစိန်ကို အကဲခတ်ရာ သူ၏ရုပ်ကို အနည်းငယ် စိုက်ကြည့်လိုက်မိလေ၏။

မှတ်ဆိတ်နှင့် နှုတ်ခမ်းမွေးတို့သည် လက်ဆစ်တစ်ဝက်လောက်

mgyoe.com

mgyoe.com



ရှည်လျက်ရှိလေ၏။ ငှက်သိုက်မုန့်ကဲ့သို့ ရှုပ်ထွေးနေသော ဆံပင်တို့သည် ဆီနှင့်မတွေ့ရသည်မှာ ကြာသောကြောင့် ဖျော့တော့တော့ မွဲခြောက်ခြောက်အရောင် ပေါက်နေလေ၏။ လေး–ငါး–ဆယ်ရက် ဆက်၍ အအိပ်ပျက်ခဲ့ရသော အရိပ်အယောင်များသည် သူ၏ချိုင့်နေသော မျက်ကွင်းနှင့် နီနေသော မျက်လုံးများပေါ်တွင် ကောင်းစွာ ထင်ရှားလျက် ရှိကြကုန်၏။

စုတ်ပြတ်လျက်ရှိသော ရုပ်ကို အကဲခတ်ရခြင်းဖြင့် သူ ဝတ်ထားသော ရှပ်အင်္ကျီသည် ကောင်းလှသည်မဟုတ်ပေ။ ပင်နီအပေါ်အင်္ကျီတစ်ပတ်နွမ်းကို ကြယ်သီးစုံ တပ်ထားခြင်းသည် ရှေ့နောက် စုတ်ပြတ်လျက်ရှိသော ရှပ်အင်္ကျီ၏အရှက်ကို ဖုံးကွယ်ရန်ပင် ဖြစ်သည်ဟု ခန့်မှန်းရ၏။ သူဝတ်ထားသော လုံချည်တစ်ပတ်နွမ်းနှင့် ခုံဖိနပ်စုတ်တို့မှာ များစွာပန်းရလျက် ရှိကြ၏။

၁၅ မိနစ်လောက် မောင်းပြီးသောအခါ ဝွတ္တလစ်လမ်းထဲသို့ မော်တော်ကား ဝင်လာလေ၏။ ကိုက်ငါးရာလောက် လမ်းထဲသို့ မောင်းဝင်ပြီး မော်တော်ကားကို ကျွန်တော်တို့၏ ညာဘက်လမ်းဘေးရှိ တဲအိမ်ကလေးတစ်ခုရှေ့တွင် အရပ် ခိုင်းလိုက်လေ၏။

မော်တော်ကားပေါ်မှ တဲအိမ်သို့ လှမ်းကြည့်လိုက်ရာ ဤမျှလောက် အရေးတကြီး ခေါ်လာရမည့် ထူးခြားချက် တစ်ချက်မျှ မတွေ့ရပေ။ သို့နှင့်ပင် ကိုစိန်က ရှေ့မှခေါင်းဆောင်၍ တဲဆီသို့ ခေါ်သွားလေ၏။

တဲအတွင်းသို့ ရောက်လျှင်ရောက်ချင်း ရှေးဦးစွာမြင်ရသော အရာသည် ကျွန်တော်၏ရင်ကို ဒိတ်ခနဲ ဖြစ်သွားစေ၏။

ထိုအရာသည်ကား အခြားမဟုတ်၊ သုံးနှစ်သားအရွယ်ကလေးလေး၏ အလောင်းပင်ဖြစ်လေ၏။ ၎င်းရုပ်အလောင်းကို မြင်ရသည်နှင့်

mgyoe.com

mgyoe.com



တစ်ပြိုင်နက် မကြာသေးမီက သေဆုံးသွားသော ကျွန်တော်၏ သားကလေးကို ပြေး၍ သတိရသောကြောင့် ကျွန်တော်၏စိတ်တို့သည် ပိုမို၍ ချောက်ချားသွားလေ၏။

ဖျာစုတ်တစ်ချပ်ကို ကိုစိန်၏ဇနီးက ခင်းပေးသောကြောင့် ၎င်းဖျာစုတ်ကလေးပေါ်တွင် ကျွန်တော်နှင့် ကိုလှဖေတို့ ထိုင်ကြရ၏။

ကလေးအုံးထားသော ကြေးအကွက်ကွက် ထနေသည့် ခေါင်းအုံးကလေးနှင့် ထွေးထားသော တစ်ပတ်နွမ်း ပွမ်းစောင်အစုတ်ကလေးသည် ထိုရုပ်အလောင်းကလေးကို ပို၍သနားစရာဖြစ်အောင် ဖန်တီးပေးလျက် ရှိကြကုန်၏။

ကလေး ကလေး၏အလောင်းကို စိုက်ကြည့်နေစဉ် ကိုစိန်က

"ကျွန်တော့်သား သေတာကို ခင်ဗျာ့ကို တိုင်ရအောင် ခေါ်လာတာပဲ"

"ဘာရောဂါနဲ့ ဆုံးတာလဲဗျ"

"အစာဝအောင် မစားရလို့ သေတာပဲဗျ"

"အစာဝအောင် မစားရလို့ ကျွန်တော့်ကလေး သေတာပဲ၊ ကျောင်းနေတုန်းက သင်ဖူးတယ် မဟုတ်လား။ ကိုယ်တွင်းပိုးတွေ အားနည်းလို့ အပြင်ဘက်က ရောဂါပိုးတွေ ဝင်လာတာကို မခုခံနိုင်ရင် ရောဂါစွဲကပ်တာပဲ၊ အစာဝအောင် မစားရရင် ကိုယ်တွင်းပိုးတွေ အားနည်းတာပဲ ဆိုတာတွေကိုတော့ ကိုနုမှတ်မိသေးရဲ့ မဟုတ်လား။ ကျွန်တော့်ကလေးဟာ တစ်ခါတလေ ထမင်းတစ်နပ်စားရတယ်။ တစ်ခါတလေ ဆန်ပြုတ်နဲ့ တင်းတိမ်ရတယ်။ တစ်နေ့လုံးကို သရေစာကို တစ်ပြားဖိုးလောက်စားပြီး တင်းတိမ်နေရတဲ့ နေ့တွေက များတယ်။ ဒီကလေးမသေရင် ဘယ်ကလေး သေမလဲ။ ဟောဒီမှာ ကြည့်ကြဗျာဟု ဆို၍ ထွေးထားသော ပွမ်းစောင်ကို ဖြေလိုက်ရာ အပြိုင်းပြိုင်းထနေသော နံရိုး

mgyoe.com

mgyoe.com


များကို တွေ့ရလေ၏။

မနေ့က အအေးနည်းနည်း မိတယ်ဆိုလျှင်ပဲ အားမရှိတဲ့ ကလေး ဆိုတော့ ရောဂါဟာ ယူတင်လိုက်သလို တစ်ခါတည်း ကြီးလာတော့ တာပဲ၊ ညက ၁၀ နာရီလောက်မှာ မျက်ဖြူလန်လန်ပြီး သုံးခါတောင် တက်တယ်။ အသက်မသေအောင်၊ မတားနိုင်တောင် နည်းနည်းကလေး သက်သာရာရအောင်၊ အတက်ကျသွားအောင် အုပ်ချုရမယ့် အုပ်ဆေး တစ်မှုန့် မရှိဘူး။ မျက်ဖြူလန်လန်ပြီး တက်နေတာကို ဖွတ်ထိုင်ပြီး ကြည့်နေရတယ်။ ဒါလောက် ဝေဒနာခံစားနေရတာကို မကြည့်ရက်လို့ လည်စေ့ကို ညှစ်ပြီး သတ်ပစ်မယ်လို့ သုံးလေးခါ ကျွန်တော် ကြံမိသေး တယ်။ ကဲဗျာ သေတာတော့ ပြောနေလို့ မထူးဘူး၊ ဒီကလေး ဒီလို စောစောစီးစီး သေသွားတာဟာ စင်စစ်တော့ သူ ဝဋ်ကျွတ်သွားတာပဲ"

"နေပါဦး ကိုစိန်၊ ခင်ဗျား ဘယ်လိုက ဘယ်နှယ် ဒီလိုအဖြစ်မျိုး ရောက်လာတာလဲ"

"ဒါတွေပြောရင်တော့ ဆုံးမှာ မဟုတ်ဘူးဗျာ။ ဒီကနေ့ ခင်ဗျားနဲ့ တိုင်ပင်ချင်တဲ့ ကိစ္စတစ်ခု ရှိတယ်"

"ဟုတ်ကဲ့"

"မြန်မာပြည်မှာ လူဦးရေ ၁၄ သန်း ရှိတယ် မဟုတ်လား၊ အဲဒီ ၁၄ သန်းထဲမှ လူတန်းစေ့အောင် မစားရတဲ့ လူဦးရေ ဘယ်လောက် ရှိမယ် ထင်သလဲ"

"အင်း.. ဆိုစမ်းပါဦး"

"ဒီ ၁၄ သန်းထဲမှာ လူတန်းစေ့ အဝတ်မဝတ်ရတဲ့ လူဦးရေ ဘယ်လောက်ရှိမလဲ။ နာဖျား မကျန်းရှိလို့မှ လူတန်းစေ့ ဆေးဝါးမကု ရတဲ့ လူဦးရေ ဘယ်လောက်ရှိမလဲ။ ကျွန်တော့် ခန့်မှန်းခြေအတိုင်းဆို ရင် ဒီလူစားတွေ အကုန် စုပေါင်းထားတဲ့ လူဦးရေဟာ အဖျင်းဆုံး ၁၂

mgyoe.com

mgyoe.com



သန်းလောက်တော့ ရှိမှာပဲ"

"ဟုတ်ကဲ့ ဆက်စမ်းပါဦး"

"လူဦးရေ ၁၄ သန်းရှိတဲ့အနက် ၁၂ သန်းလောက်လူတွေ လူတန်းမစေ့ဘဲ နေရတာဟာ အစားအသောက် အဝတ်အစား ဆေးဝါးတွေကို ဝယ်နိုင်တဲ့ပစ္စည်းအင်အား မြန်မာပြည်မှာမရှိလို့လား။ ရှိပေတဲ့လည်း သည်ပစ္စည်းတွေကို ကျန် ၂ သန်းလောက်ရှိတဲ့ လူတစ်စုက ချုပ်ချယ်သိမ်းပိုက်ထားလို့လား... ဆိုတာကို ကျွန်တော်တို့ လေးလေးနက်နက် တွေးရမယ်။ အဲဒီလို လေးလေးနက်နက်တွေးလိုက်ရင် ထွက်လာတဲ့ အဖြေကတော့ လူ ၁၂ သန်း လူတန်းစေ့ မနေရတာဟာ ၂ သန်းလောက် လူစုက လူတန်းစေ့အောင် လုပ်ပေးနိုင်တဲ့ ပစ္စည်းတွေကို လက်ဝါးကြီးအုပ်ထားလို့လားပဲဆိုတာ ထွက်လာလိမ့်မယ်။ အဲဒီတော့ တစ်ခါထပ်ပြီး စဉ်းစားရလိမ့်ဦးမယ်။ ဒီတိုင်းပြည်အတွင်းမှာ ၂ သန်းသော လူတစ်စုက လူတန်းစေ့အောင် လုပ်ပေးနိုင်တဲ့ ပစ္စည်းတွေကို ချုပ်ချယ်ထားလိုက်တာနဲ့ ၁၂ သန်းလောက် လူတွေဟာ လူတန်းမစေ့ရဘူးဆိုရင် ဒီလို ချုပ်ချယ်တဲ့နည်းစနစ်ဟာ မှန်လား မှားသလားဆိုတာကို ဆက်ပြီး စဉ်းစားရလိမ့်မယ်။ ဒီဟာကိုဆက်ပြီး စဉ်းစားလိုက်ရင် ဒီစနစ်ဟာ မှားတယ် ဆိုတဲ့ အဖြေထွက်လာလိမ့်မယ်။ ဒီအဖြေရရင် ဒီမှားတဲ့စနစ်ကို ဘယ်လိုလုပ်ပြီး ပြင်ရမယ်ဆိုတာကို ဆက်ပြီး တွေးရလိမ့်မယ်"

"လူ ၂ သန်းလောက်က လူ ၁၂ သန်းလောက်ကို လူတန်းမစေ့အောင် ချုပ်ချယ်ထားနိုင်တာဟာလည်း... စင်စစ်တော့ လူ ၁၂ သန်းဟာ မစည်းလုံးမိကြသေးတာဟာပဲ။ စင်စစ်တော့ ဒီလူ ၁၂ သန်းဟာ မသိနားမလည်ကြသေးလို့ပဲ။ အဲဒီတော့ လူ ၁၂ သန်းလောက်ကို ၂ သန်းမျှလောက်သော လူတစ်စုက လူတန်းမစေ့ရအောင် ချုပ်ချယ်ထားတဲ့စနစ်များကို မြန်မာပြည်က ပျောက်ကွယ်သွားအောင် လုပ်ကိုင်

mgyoe.com

mgyoe.com



ကြရင် လူတန်းမစေ့ဘဲ လူ ၁၂ သန်းကို သိနားလည်အောင် လုပ်ပေးကြရ ပေလိမ့်မယ်။"

ဘာတွေကို နားလည်အောင် လုပ်ပေးရမယ်ဆိုရင် ဒီလူ ၂ သန်း မှာရှိတဲ့ ပစ္စည်းတွေကို ခင်ဗျားတို့ကသာ ပေးရသောကြောင့် စင်စစ်မှာ ခင်ဗျားတို့သာလျှင် ဒီလူ ၂ သန်း ချုပ်ချယ်သိမ်းပိုက်ထားတဲ့ ပစ္စည်းရှင်များ ဖြစ်ကြတယ်။ သို့ပေမဲ့ ခင်ဗျားတို့က မသိနားမလည်တဲ့အတွက် အလုပ်လုပ်ပေးရတော့ ခင်ဗျားတို့၊ စည်းစိမ်ခံစားစရာရှိတော့ ခင်ဗျား တို့မှာတော့ လူတန်းမစေ့တဲ့ ဘဝနဲ့ပဲ တင်းတိမ်မြဲ တင်းတိမ်နေကြရ တာပဲ။ ခင်ဗျားတို့ သိနားလည်လာတဲ့ တစ်နေ့မှာ ခင်ဗျားတို့ စုရုံးမိကြ ပေလိမ့်မယ်။ အဲ့ဒီလိုစုရုံးမိတဲ့နေ့မှာ သူတို့လက်ထဲမှာရှိတဲ့ ပစ္စည်း တွေဟာ ခင်ဗျားတို့လက်ထဲရောက်လာလိမ့်မယ်။ သူတို့မော်ချင်တိုင်းမော် ပျော်ချင်တိုင်းပျော်နေကြတဲ့ ပစ္စည်းတွေနဲ့ ခင်ဗျားတို့ကိုယ်ကိုယ် ခင်ဗျား တို့ လူတန်းစေ့နေနိုင်အောင် လုပ်ပေးနိုင်လိမ့်မယ်ဟူသော အသိဉာဏ် များကို ဒီလူ ၁၂ သန်းစလုံးရဲ့ ဦးနှောက်ထဲမှာ သံမှိုနဲ့ ရိုက်သွင်းထားသလို နေအောင် လုပ်ပေးရလိမ့်မယ်။

အဲဒီလို လုပ်ပေးပြီးတဲ့နေ့မှာ မှားနေတဲ့စနစ်ကြီးဟာ ကျွန်တော် တို့ပြည်မှ တစ်ပါတည်း ပျောက်ကွယ်၍ သွားရမှာပဲ။

"ကျွန်တော်တော့ သည်းမခံနိုင်ဘူး။ ကျွန်တော် မှန်တယ် ထင်တဲ့ ဟာကို လုပ်တော့မှာပဲ၊ အဲဒါကို ကိုနု ကူမလား။ ကူနိုင်ပါ့မလား။ ဒီကနေ့ ကိုနုတို့ကို ဒီကို ခေါ်လာတဲ့အကြောင်းကတော့ ဒါပြောချင် လို့ပဲ၊ ဘယ့်နဲ့လဲ ပါမယ်မဟုတ်လား"

"ခင်ဗျားဟာ ရုရှားဘုံဝါဒပဲ"

"ခင်ဗျား ယုံချင်လည်းယုံတော့၊ ရုရှားပြည်နဲ့ ဘုံဝါဒ အကြောင်း ဆိုတာလည်း သတင်းစာထဲလောက်မှာ ဖတ်ဖူးတာပဲ။ ကျုပ်ရုရှားပြည်

mgyoe.com

mgyoe.com



မှာ ဘာဖြစ်နေတာကို ဂရုမစိုက်ဘူး။ မြန်မာပြည်မှာ စနစ်မှန်ရောက်အောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကိုသာ ဂရုစိုက်တယ်"

ကျွန်တော်လည်း ကွန်မြူနစ်ဇင်၊ ဆိုရှယ်လစ်ဇင်ဆိုတဲ့ ဝါဒတွေကိုတော့ နာမည်လောက်သာ ကြားဖူးတာပဲ၊ သေသေချာချာတော့ မဖတ်ဖူးပါဘူး။ အင်း... တစ်ခါတလေ ဖတ်ဖူးတဲ့ မိတ်ဆွေများက ပြန်ပြောတဲ့အခါ နည်းနည်းပါးပါး ကြားရပါရဲ့၊ ဒီစာအုပ်တွေကို နည်းနည်းပါပါးလောက်တော့ သဘောသိရအောင် ဖတ်ထားဖို့ မိတ်ဆွေများကပြောကြပါရဲ့၊ သို့ပေမဲ့ ကွန်မြူနစ်ဇင်၊ ဆိုရှယ်လစ်ဇင်ဆိုတဲ့ ဝါဒတွေဟာ ဘာသာတရားကို ပစ်ပယ်တယ်ဆိုတာ ကြားရတော့ ဒီစာအုပ်တွေကို ဖတ်ကို မဖတ်ရဲဘူးဗျ။ ဗုဒ္ဓဘာသာတရားတော်ဟာ တရားစစ် တရားမှန်ပေတဲ့ လူတိုင်းယုံကြည်နိုင်တဲ့ တရားမဟုတ်ဘူး၊ ပါရမီရှိသူများသာ ယုံကြည်နိုင်တဲ့ တရားဗျ။ ပါရမီကလေးရှိလို့ ဒီဘဝမှာ လူဖြစ်ရတာတောင် လူရိုးရိုးမဖြစ်ဘဲ ဗုဒ္ဓဘာသာတရားတော်ကြီးကို ယုံကြည်သက်ဝင်တဲ့လူ ဖြစ်ရတာ၊ အဲဒီတော့ ဒီစာအုပ်တွေကိုဖတ်မိရင် ပုထုဇဉ်တို့ သဘောဆိုတာ အခက်သားဗျ၊ စိတ်ပြောင်းချင် ပြောင်းသွားမှာ။ အဲဒီလို ပြောင်းသွားရင် ပါရမီရှိလို့ တွေ့နေရတဲ့ ဗုဒ္ဓဘာသာကြီးကို စွန့်မိမှာကို အကြောက်ကြီးကြောက်ပြီး ဒီစာအုပ်တွေကို မဖတ်ဘဲနေတာပဲ။

ကဲဗျာ... ဒါတွေ ထားလိုက်ပါတော့။ ဒီဝါဒတွေကို ကျွန်တော်လည်း နားမလည်ပါဘူး။ ကျွန်တော်ပြောတဲ့စနစ်မှန်ဟာ မြန်မာပြည်မှာတည်အောင် ကူမလား။

ဒီလိုရှိတယ်ဗျ၊ ဒီစနစ်ရှင်တွေကလည်း ခင်ဗျားပြောသလိုပဲ ဆိုးပါတယ်။ သို့ပေမဲ့ ဒီစနစ်ရှင်တွေ ပျက်စီးဖို့ကို လုပ်ဖို့ မပြောထားနဲ့၊ ဒင်းတို့ပျက်စီးပါစေဆိုတဲ့ စိတ်ကိုတောင် မမွေးရဘူးလို့ ဘုရားကိုယ်တော်မြတ်ကြီးက ဟောခဲ့တယ်။ အဲဒီတော့ ကိုစိန်ပြောတဲ့ စနစ်မှန်ဆိုတာကို မြန်မာ

mgyoe.com

mgyoe.com



ပြည်မှာ တည်အောင်လုပ်ရရင် ဘုရားကိုယ်တော်မြတ်ကြီးအလိုနဲ့ ဆန့်ကျင်ဘက်ကျနေမှာပဲ။

"ကိုနု… ရှည်မနေနဲ့ဗျာ။ ကျွန်တော်ပြောတဲ့ စနစ်မှန်ကို ခင်ဗျား လုပ်မလား မလုပ်ဘူးလား"

"မလုပ်ဘူး"

"ဘာဖြစ်လို့"

"ဘုရားအလိုတော်နဲ့ ဆန့်ကျင်ဘက်ဖြစ်လို့"

ခင်ဗျားတို့ အတော်ကျပ်တဲ့လူပဲ (ဒေါသနှင့်) ခင်ဗျား ဘယ်တော့မှ ဘုရားအလိုကို မဆန့်ကျင်ဘူးလား။ ဘုရားက အိမ်ထောင်ခြင်း၊ သားမွေးခြင်းဆိုတဲ့ ရွာသူတို့ရဲ့အလုပ်ဟာ အင်မတန်ယုတ်တဲ့ တရားလို့ ဓမ္မစကြာထဲမှာ အတိအလင်း ဟောထားတယ်။ ဒီအလိုကို ဆန့်ကျင်ပြီး ခင်ဗျားတို့ မယားတွေယူတယ်၊ သားသမီးတွေ မွေးခဲ့ကြတယ်။ ခု သား မွေးရုံမကဘူး၊ နောင်လည်းမွေးကြဦးမှာပဲ၊ ဒီတော့ ခင်ဗျားတို့ဟာ ဘုရား အလိုတော်ကို ခုသာမဟုတ်ဘူး နောင်လည်း ဆန့်ကျင်မယ်ဆိုတာ ဖြစ် မနေဘူးလား၊ ဒီတော့ ခင်ဗျားတို့ဟာက ခင်ဗျားတို့လုပ်ချင်တာဆိုရင် ဘုရားအလိုတော်နဲ့ ဆန့်ကျင်ပေစေလုပ်မယ်။ မကြိုက်တာဆိုရင် ဘုရား အလိုနဲ့ ဆန့်ကျင်လို့ မလုပ်ချင်ဘူးဆိုပြီး ဆင်ခြေဆင်လက်တွေ ပေး တယ်။ ကျွန်တော် မလုပ်ရဲဘူးလို့ ခပ်ရဲရဲ ပြောပါဗျ၊ ဘုရားကိုယ်တော် မြတ်ကြီးကို လွှဲ မချနေပါနဲ့။

လူ ၁၂ သန်းရဲ့ ဝဝစားရမှု၊ လူတန်းစေ့ အဝတ်ဝတ်ရမှု၊ အသက် ရှည်မှု၊ စိတ်ချမ်းသာမှုကို ခင်ဗျား လေးလေးနက်နက် စဉ်းစားပါ။

ဘုရားအလိုနဲ့ ရှေးဦးစွာ ဆန့်ကျင်တာကတော့…ခင်ဗျား ခုတင်က ပြောသွားတဲ့… ဘာဆိုလဲ ဓနရှင်ဟုတ်လား၊ အင်း… အဲဒီဓနရှင်တွေပဲ ဘယ်လို ဆန့်ကျင်သလဲ သိလား၊ ဘုရားကိုယ်တော်မြတ်က လောဘ၊

mgyoe.com

mgyoe.com


ဒေါသ၊ မောဟတို့သည် သံသရာကြီးထဲတွင် ကျင်လည်အောင် လုပ်တတ်တဲ့ သဘောရှိလို့ ဒီမီးတွေကို သေအောင် သတ်နိုင်လျှင်သတ်၊ မသတ်နိုင်သေးရင်လည်း ဒီမီးတွေကို ပါးနိုင်သလောက် ပါးရမယ်လို့ ဟောကြားပစ်ခဲ့တယ်။ ဒီဓနရှင်တွေက ဒါ ငါ့လယ်တွေ။ ဒါ ငါ့ပစ္စည်းတွေဆိုပြီး လောဘမီးတွေကို ထင်းထိုးပေးနေကြတယ်၊ လောဘဆိုတဲ့ အရင်းခံ တဏှာဟာ ကြီးလာပြီဆိုမှဖြင့် ဒေါသ၊ မောဟဆိုတဲ့ တဏှာတွေရော... ရောက်မလာကြတော့ဘူးလား။ အဲ့ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက တဏှာမီးတွေကို သတ်ဖို့ ဟောတယ်။ ဓနရှင်တွေက တဏှာမီးတွေကို မွေးပေးနေတယ်။ စင်စစ်မှာဆိုရင် ဓနရှင်တွေသာ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်နဲ့ ဆန့်ကျင်နေကြတာ။

ဒီပစ္စည်းတွေကိုယူပြီး ဘုံပစ္စည်းလုပ်လိုက်ရင် ငါ့လယ်၊ ငါ့ငွေ၊ ငါ့ပစ္စည်း စွဲလမ်းစရာမရှိလို့ ထင်းမရှိတဲ့မီးဟာ ငြိမ်းသွားရတာကိုပဲ လောဘမီးရဲ့ ထင်းနဲ့တူတဲ့ ငါ့ပစ္စည်း၊ ငါ့ငွေ၊ ငါ့လယ်တွေမရှိရင် ဒီလောဘမီးတွေလည်း ငြိမ်းရမယ်မဟုတ်လား။ ဒီတော့ ဘုံပစ္စည်းဖြစ်အောင် လုပ်ပေးနိုင်တဲ့ လူတွေဟာ ဘုရားအလိုတော်ကျဖြစ်အောင် လုပ်ပေးတဲ့လူ၊ ဘုံပစ္စည်းဖြစ်အောင် လုပ်ပေးတဲ့စနစ်ဟာလည်း ဘုရားအလိုတော်ကျဖြစ်တဲ့ စနစ်လို့ဆိုရင် မှားမလား။

နောက်ပြီး အဘိဇ္ဈာဆိုတဲ့ စိတ်ကို မမွေးနဲ့ဆိုတာ ဟုတ်ပါတယ်။ ခင်ဗျားကို ဥပမာတစ်ခုနဲ့ ပြမယ်၊ ကျားကို မကြောက်ကြနဲ့လို့ မောင်းခတ်ထားတယ်၊ သို့ပေမဲ့ မြို့ထဲမှာ ကျားတွေ လမ်းလျှောက်နေတာကို မြင်ရရင် မြင်ရတဲ့လူတွေ မကြောက်ဘဲနေမလား။ ဒီကျားတွေကို ဖျောက်ဖျက်ပစ်လိုက်ရင် ကြောက်စရာကျားတွေမရှိတဲ့အတွက် ကြောက်တဲ့လူတွေ ရှိကြဦးမလား၊ အဲ့ဒီလိုပဲ အဘိဇ္ဈာဆိုတဲ့စိတ်ဟာ ပစ္စည်းပေါ်မှာ တည်နေတာ၊ လူတစ်ယောက်က သိပ်ချမ်းသာနေတယ်။ လူတစ်

mgyoe.com

mgyoe.com


ယောက်က သိပ်ဆင်းရဲနေတယ်။ ထုံးစံအတိုင်း ဆင်းရဲတဲ့လူက ချမ်းသာတဲ့ လူအပေါ်မှာ အဘိဇ္ဈာစိတ်ထားပဲ၊ ဒီအကောင့်ပစ္စည်းတွေ ငါပဲရပါတော့ဆိုတဲ့ စိတ်မွေးမှာပဲ။ သို့ပေမဲ့ ဘုံပစ္စည်းလုပ်ပစ်လိုက်တဲ့အခါမှာ ဘယ်ဆင်းရဲသားလည်း မရှိ ဘယ်ခနေရှင်လဲမရှိလို့ ဘယ်အဘိဇ္ဈာစိတ်ရော... ပေါ်နိုင်ပါဦးမလား၊ အဘိဇ္ဈာစိတ်ပျောက်သွားတယ်ဆိုရင် လုံးလုံးမပျောက်သွားတောင် နည်းသွားတယ်ဆိုရင် ကျွန်တော်ပြောတဲ့စနစ်ဟာ ဘုရားအလိုတော်ကျ စနစ်မဖြစ်နိုင်ဘူးလား။

ချမ်းသာတယ် ဆင်းရဲတယ်ဆိုတာတော့ ကုသိုလ်၏ ဖန်တီးမှုပဲလို့ ဘုရားကိုယ်တော်မြတ်ကြီးက ဟောခဲ့တယ်။ ကိုစိန်ရဲ့ ဘဝသံသရာက ဒါနမျိုးစေ့ ချခဲ့တာကြောင့် ယခုမျက်မှောက်ဘဝမှာ လာပြီး ချမ်းသာကြရတာ၊ ဒီတော့ ယခုဘဝမှာ ဆင်းရဲကြရဆိုရင် ထိုဘဝသံသရာက ဒါနမျိုးစေ့ မချခဲ့လို့ပဲ မဟုတ်လား။ ခင်ဗျားမြင်တဲ့အတိုင်း ကျွန်တော်လည်း ဆင်းရဲနေတာပဲ။ သို့ပေမဲ့ ကိုယ့်ဒါနမျိုးစေ့ မရှိခဲ့လို့ ဆင်းရဲရတယ်ဆိုပြီး သည်းခံနိုင်တယ်။ နိဗ္ဗာန်မရသေးမီ ဘဝဆက်တိုင်း ချမ်းသာအောင်ဆိုပြီး ဒါနမျိုးစေ့ကို အခွင့်ရတိုင်း စိုက်ပျိုးခဲ့တယ်။ နောက်ပြီးတော့...

ကဲ ကဲ... နားလည်ပြီ၊ ဒါလောက်ဆိုရင် တော်ပြီ။ ကိုနုချမ်းသာတာ ဆင်းရဲတာ ကုသိုလ်၊ အကုသိုလ်ရဲ့၏ ဖန်တီးမှုပဲလို့ ဘုရားကိုယ်တော်မြတ်ကြီး ဟောတယ်ဆိုပြီး ခင်ဗျားပြောတယ် မဟုတ်လား။ ဒါကိုကျွန်တော်လည်း ယုံတယ်။ ငြင်းစရာမရှိ၊ ဘုရားက ဒါပဲ ဟောပစ်ခဲ့သလား။ ဘုရားကိုယ်တော်မြတ်ကြီးက... ဟေ့ သူဌေးတွေ၊ မင်းတို့ချမ်းသာတာဟာ ဟိုဘဝက ဒါနမျိုးစေ့ချခဲ့လို့ပဲ၊ ဒါကြောင့် မင်းတို့ချခဲ့တဲ့ မျိုးစေ့ရဲ့ အသီးအနှံတွေကို မင်းတို့ မြိန်မြိန်ယှက်ယှက် သုံးနေကြတော့၊ ဆင်းရဲသားတွေကလည်း ဒါနမျိုးစေ့ မချခဲ့မိကြလို့ ဆင်းရဲရတာ

mgyoe.com

mgyoe.com


ဖြစ်သမျှကိုပဲ သည်းခံကြတော့... လို့ ဒါပဲ ဟောပစ်ခဲ့သလား။ ဒီကုသိုလ် အကုသိုလ်တွေကြောင့် သံသရာကြီးထဲမှာ လည်ရတယ်။ ဒီသံသရာကြီး ထဲမှာ လည်ရလို့ ပဋိသန္ဓေနေခြင်း ဒုက္ခ၊ အိုခြင်း ဒုက္ခ၊ နာခြင်း ဒုက္ခ၊ သေခြင်း ဒုက္ခ၊ ချစ်တဲ့လူတွေနဲ့ ကွဲရတဲ့ ဒုက္ခ၊ မချစ်တဲ့လူတွေနဲ့ ပေါင်း သင်းနေရတဲ့ ဒုက္ခဆိုတဲ့ ဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့ကြရမယ်။ ဒီဒုက္ခ တွေက လွတ်ချင်ကြရင် ဒီကုသိုလ် အကုသိုလ်တွေကို စွန့်နိုင်တဲ့ မဂ် တရားရအောင် အားထုတ်ကြ၊ ဒီလိုအားထုတ်မှုသာလျှင် ငါဘုရား၏ အလိုတော် ဖြစ်တယ်လို့ရော... ဘုရားကိုယ်တော်မြတ်ကြီး မဟောခဲ့ ဘူးလား။

ဒီတော့ ကုသိုလ်ကြောင့် ချမ်းသာတယ်ဆိုတာတင် ရပ်ထားပြီး ကုသိုလ်ကြောင့် ဒုက္ခတွေအမျိုးမျိုး တွေ့ရတယ်။ ဒီဒုက္ခတွေ မတွေ့ အောင် ဒီကုသိုလ်တွေကိုလည်း စွန့်ရမယ်ဆိုတဲ့ အယူအထိ ဆက်မယူ တာကတော့ သူဌေးတွေရဲ့ အလိုတော်ကျဗျ။ ဘုရား ကိုယ်တော်မြတ်ကြီး ရဲ့ အလိုတော်ကျ မဟုတ်ဘူး။ ဓနရှင်အယူဝါဒဗျ။ ဘုရား ကိုယ်တော် မြတ်ကြီးရဲ့ အယူဝါဒ မဟုတ်ဘူးဗျ။

စင်စစ်တော့ ဒီဓနရှင်တွေဆိုတာ ဘုရားကိုယ်တော်မြတ်ကြီး ဟောပစ်ခဲ့တဲ့ တရားတွေကို သူတို့ရဲ့ ကိုယ်ကျိုးအတွက် အလွဲသုံးစား လုပ်ပစ်နေကြတာပဲ၊ ဒါကြောင့် ကျွန်တော့်လိုပဲ ဘုံဝါဒကို နှစ်ခြိုက်နေ တဲ့ လူတစ်စုကတောင် ဘာသာတရားဆိုတာ ဘယ်ဘုရားရဲ့ ဘာသာ တရားဖြစ်ဖြစ်၊ သူဌေးတွေကိုသာ ကာကွယ်တဲ့ ဘာသာတရားဖြစ်လို့ လူများစုဖြစ်တဲ့ ဆင်းရဲသားတွေ ချမ်းသာချင်ရင် ဘာသာတရားတွေကို အကုန်ပယ်ရမယ်လို့ ပြောနေကြကုန်ပြီ။

အခု ဒီလောက်ဖြစ်နေရင်... နောက် ဒီထက်ဒီ... ဆင်းရဲတဲ့ လူတွေ က ဆင်းရဲငတ်ပြတ်ပြီး ချမ်းသာတဲ့ လူတွေကလည်း သိပ်နှိမ်ပြီး ချမ်း

mgyoe.com

mgyoe.com


သာကုန်ကြရင် ရတနာသုံးပါးကို လူတွေဟာ ဒါ့ထက် ပစ်ပယ်ကြလိမ့်ဦးမယ်။

စင်စစ်မှာတော့... ဘာသာတရားက ဓနရှင်တွေကို ကာကွယ်တာ မဟုတ်ဘူး။ ဓနရှင်တွေကသာ သူတို့ကို ကာကွယ်အောင် ဘာသာတရားကို အလွဲသုံးစားလုပ်တာ။ သည့်ပြင် ဘာသာတရားတွေကိုတော့ ကျွန်တော်လည်း နားမလည်လို့ မပြောတတ်ဘူး။ ဗုဒ္ဓဘာသာတရားကိုတော့ ဓနရှင်တွေ အလွဲသုံးစားလုပ်တာ အမှန်ပဲ။

အဲဒီတော့... ကိုနုက ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ကျေးဇူးတော်ဟာ အနန္တရှိတယ်ဆိုတာကို ခင်ဗျားယုံကြည်ရင်... ဘုရားကိုယ်တော်မြတ်ကြီးကို ကျေးဇူးပြန်ဆပ်ဖို့ အကောင်းလုပ်ပါ။ ရတနာသုံးပါးကို ကြည်ညိုနေတဲ့ လူတွေ နည်းပါးအောင် ကိုယ်ကျိုးအတွက် ဘာသာတရားတော်ကြီးကို အလွဲသုံးစားလုပ်နေတဲ့ ဓနရှင်စနစ်ကို အမြစ်ကပါ သုတ်သင်ပစ်ဖို့ပဲ။

ရတနာသုံးပါးကို ကြည်ညိုနေတဲ့လူတွေ နည်းပါးတယ်ဆိုတဲ့ စကားကိုပြောလို့ ရတနာသုံးပါးကို ကြည်ညိုနေပေတဲ့လည်း မဆည်းကပ်နိုင်ကြတဲ့လူတွေရဲ့အကြောင်းကို ပြောရဦးမယ်။

အူမ တောင့်မှ သီလစောင့်နိုင်မယ်ဆိုတဲ့ စကားကို ကြားဖူးတယ် မဟုတ်လား။ အဲဒီတော့ လူတွေဟာ ဒါလောက် ငတ်ပြတ်ပြီး တစ်နေ့ထက်တစ်နေ့ အလျှဉ်မှီအောင် ရှာဖွေရ လုပ်ရ၊ ကိုင်ရနဲ့ ရတနာသုံးပါးကို ဆည်းကပ်ဖို့ စိတ်နဲ့လူနဲ့ အားပါဦးမလားလို့ ငတ်လေ သာပြီးမအားလေပဲ။ ကျွန်တော့်ကိုကြည့်လေ... ဒီအသက်နဲ့ ဒီကိုယ်နဲ့မြဲအောင် တစ်လုတ်တစ်ခဲ ရပါမယ့်အကြောင်း ဝီခေါ်နေအောင် ရှာနေရတော့ ရတနာသုံးပါးဆိုတာ ဘယ်အနားနေမှန်းမသိတာ ဘယ်လောက်ကြာပြီလဲဆိုတာကို မပြောနိုင်တော့ဘူး။

mgyoe.com

mgyoe.com



လောကနီတိဆရာကလည်း ဆိုထားတယ် မဟုတ်ဘူးလား။ စိတ်ချမ်းသာမှ ကောင်းမှုပြုနိုင်မယ်လို့...၊ ဒီငတ်နေတဲ့ လူတွေဟာ ဘယ်မှာသွားပြီး စိတ်ချမ်းသာနိုင်ပါ့ဦးမလဲလို့၊ စိတ်မချမ်းသာကြရင် ဘုရားကိုယ်တော်မြတ်ကြီး အလိုတော်ကျဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်နိုင်ပါဦးမလဲ။

ကျွန်တော်ပြောတာ မှန် မမှန်ကို ဘယ်မှာမှ သွားကြည့်မနေနဲ့။ ဥပုသ်သီတင်းနေ့တွေမှာ ကျောင်းတို့ ဇရပ်တို့မှာ လိုက်ကြည့်၊ ကြည့်ပြီးတော့ ရှေ့မီနောက်မီ လူကြီးတွေကို မေး၊ တစ်ရာမေးလျှင် တစ်ရာလုံးက ရှေ့ကလောက် ဥပုသ်ဇရပ်တွေမှာ လူတွေ မစည်ဘူးလို့ ပြောလိမ့်မယ်။ ဒါဘာဖြစ်လို့လဲ၊ ရှေ့က လူတွေဟာ စားနိုင် သောက်နိုင် ချောင်ချောင်ချိချိဆိုတော့ တရားအားထုတ်ဖို့ စိတ်လည်းအားတယ်၊ လူလည်းအားတယ်။ ခုအခါဆိုတော့ တစ်နေ့နဲ့တစ်နေ့ အလျှင်မီအောင် မသေရုံကလေး စားရအောင် ပြေးလွှားနေရတော့ ဘယ်မှာ စိတ်အား လူအား ရှိနိုင်ပါ့မလဲ။

ဒီတော့ ဓနရှင်စနစ်ဟာ... ဘယ်လောက် ဆိုးသလဲဆိုတာ ကိုနွေ့ပြီမဟုတ်လား။ အချို့လူတစ်စုကို ဘာသာတရားကို ပစ်ပယ်အောင် ဒီဓနရှင်စနစ်က လုပ်ခဲ့တယ်။ ကြည်ညိုနေတဲ့လူများကိုလည်း ရတနာသုံးပါးကို မဆည်းကပ်နိုင်အောင် ဒီဓနရှင်စနစ်ကပဲ လုပ်ပေးပြန်တယ် မဟုတ်လား။

ဘုံပစ္စည်းလုပ်လိုက်ရင် အားလုံးလူတွေ လူတန်းစေ့ ဝတ်စားနေထိုင်ကြရလို့ အားလုံးလူတွေ စိတ်ချမ်းသာကြလိမ့်မယ်။ အားလုံးလူတွေ စိတ်ချမ်းသာကြတော့ ဒီလူတွေဟာ ရတနာသုံးပါးကို ဆည်းကပ်နိုင်ကြလိမ့်မယ်။

ခုနေအခါ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဖြစ်ကြလို့ လူတွေဟာ ခိုးဝှက်

mgyoe.com

mgyoe.com



တိုက်ခိုက်ခြင်းဆိုတဲ့ အကုသိုလ် ဒုစရိုက်တွေကို ကျူးလွန်ကြရင် ဘုံပစ္စည်းလုပ်လိုက်တဲ့အခါ ဘယ်သူ့ပစ္စည်းမှလည်း ခိုးစရာ တိုက်စရာ မရှိတဲ့အတွက် ခိုးမှု တိုက်မှုဆိုတဲ့ ဒုစရိုက်တရားတွေလည်း တိုင်းပြည်အတွင်းမှ ပပျောက်ကုန်ကြရမှာပဲ။

အဲဒီတော့ ဓနရှင်စနစ်ရှိတဲ့အတွက်... လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ ဟုန်းဟုန်းတောက် ပြင်းလာတယ်။ အဘိဇ္ဈာစိတ်တွေ လွှမ်းမိုးနေတယ်။ ဘာသာတရားကို ပစ်ပယ်တဲ့ လူဦးရေ တိုးလာတယ်။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ကြည်ညိုပေတဲ့လည်း မဆည်းကပ်ကြတဲ့ လူတွေ များလာတယ်။ တိုင်းပြည်အတွင်းမှာ စိတ်မချမ်းသာတဲ့ လူတွေ များရမယ်။ ခိုးမှု တိုက်မှုဆိုတဲ့ ဒုစရိုက်တရားတွေ များလာရမယ်။

ဘုံစနစ်ရှိရင် ဘာဖြစ်မလဲ... လောဘ၊ ဒေါသ၊ မောဟ၊ မီးတွေ တစ်ခါတည်း ငြိမ်းမသွားတောင် မီးအားသေးရမယ်။ အဘိဇ္ဈာစိတ်တွေ တစ်ခါတည်း ကုန်မသွားတောင် အဘိဇ္ဈာစိတ်တွေ နည်းရမယ်။ ဘာသာတရားကို ကြည်ညိုတဲ့ လူဦးရေတိုးလာမယ်လို့တော့ အမှန်မပြောနိုင်ဘူး။ သို့ပေမဲ့ ကြည်ညိုနေတဲ့လူတိုင်းတော့ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်ကြရလိမ့်မယ်။ ကိုယ့်ဝမ်းစာအတွက် အလုအယက် တိုက်ခိုက်ပြီး မစားရတဲ့အတွက် လူတွေဟာ တစ်ယောက်နဲ့ တစ်ယောက်ကိုလည်း ပိုမိုရင်းနှီးချစ်ခင်လာကြလိမ့်မယ်။ ရန်အဖြစ်နည်းမယ်။ လူတန်းစေ့ စားရသောက်ရလို့ လူတွေပိုပြီး စိတ်ချမ်းသာလာလိမ့်မယ်။ အလုအယက် အတိုက်အခိုက်ဆိုတဲ့ ဒုစရိုက်တွေလည်း တိုင်းပြည်အတွင်းမှာ နည်းသွားလိမ့်မယ်။

ထိုအတွင်း အသက် ၇၀ အရွယ်လောက်ရှိသော အမေကြီးတစ်ဦး နှမ်းပျစ်မုန့်များ ထည့်ထားသော ဗန်းကိုရွက်၍ သူ့ကိုယ်ကို မနိုင်တနိုင်နှင့်

mgyoe.com

mgyoe.com


သယ်ယူကာ လမ်းလျှောက်ရင်း နှမ်းပစ်–နှမ်းပစ်ဟု ဟစ်အော်သွားသံကို ကြားရလေ၏။ ကိုစိန်သည် ထိုအမေကြီးအား ခေတ္တမျှ စိုက်ကြည့်ပြီးနောက် (သက်မချ၍)

ကြည်စမ်း ကိုနု... ဒီသေခါနီး အမယ်ကြီးဟာ ထမင်းတစ်လုတ်အတွက် သေပြေး ရှင်ပြေး အလုပ် လုပ်နေကြရသေးတယ်။ ဒီစနေရှင်တွေဟာ ကိုယ်သုံးနိုင်တာထက် ပိုနေတဲ့ ပစ္စည်းတွေ မှိုတက်ခံပြီး လှောင်ထားတော့... ဒီလောက်အရွယ် အမယ်ကြီးတွေ၊ အဘိုးကြီးတွေလည်း အခုထက်ထိ ပြေးလွှားနေရသေးတာပေါ့။

လှောင်ထားဆို... ဒီလိုရှိသေးတာကိုး။ အသက်က ဘယ်လောက်အထိ နေကြရမယ်ဆိုတာ မသိကြတော့ တစ်သက်မှာ တင့်တင့်တယ်တယ် နေထိုင်စားသောက်သွားနိုင်အောင် လှောင်ထားရတာပဲ ကိုစိန်ရဲ့။

အဲဒါ ဒီလူတွေမှားတာပဲ။ ချမ်းသာတဲ့လူတွေ သောက်သောက်လဲ ချမ်းသာရင်းက ကုန်းကောက်စရာမရှိအောင် မွဲသွားကြတာတွေ၊ ခင်ဗျားတို့ မျက်စိအောက်မှာ တစ်ပုံကြီး မဟုတ်လား။ သားသမီးဆိုတာတော့ မပြောနဲ့လေ၊ ပိုက်ဆံချမ်းသာတဲ့ မိဘတွေသေပြီး သားသမီးတွေ ငတ်နေတာ ပြည့်လို့မဟုတ်လား။ ဘုံပစ္စည်းစနစ်ရှိနေရင် ငါ့ပစ္စည်းပျက်စီးများ သွားမလားလို့ ပူနေရတဲ့သောကလည်း ပျောက်မယ်။ သူ့တစ်သက် မဟုတ်ဘူး။ သူ့သားသမီး မြေးမြစ် တစ်သက်ကို ရောက်ပေစေ၊ ဘုံစနစ်ရှိသရွေ့ ဘယ်သူမှ မစားရမှာ မစိုးရိမ်ရ၊ မဝတ်ရမှာ မစိုးရိမ်ရ၊ လူတန်းစေ့ မနေရမှာ မစိုးရိမ်ရဘူးမဟုတ်လား။

အဲဒီတော့ ကိုနု... ခင်ဗျား ဘုံစနစ်ကို သဘောကျပြီ... ဟုတ်လား။ ဒီစနစ် မြန်မာပြည်မှာတည်အောင် ကျွန်တော်တို့လူစု လုပ်နေတယ်။ ခင်ဗျားရဲ့ အကူအညီကိုလည်း လိုချင်တယ် ပေးမလား။

"ဆင်းရဲသားတွေ ချမ်းသာအောင် လုပ်ပေးချင်တာနဲ့ စနေရှင်တွေ

mgyoe.com